# အနုဋ္ဌကရှထကသုတ်

(ဦးဗုဓ)

၀၂

ဟံသာဝတီ

(၃၁၅)

# ဓမ္မစက္ကပဝတ္တနသုတ်
# အနတ္တလက္ခဏသုတ်
နှင့်
ဆရာတော်ဦးဗုဓ်နိဿယ
လယ်တီဆရာတော်နိဿယသစ်
(နိဿယနှစ်စုံ)

H 315—A [ဟံသာဝတီ]၊ (အဋ္ဌမအကြိမ်)



အိန္ဒိယပြည်
တိဗက်
သက်သဿနဂိုရ်
သာဝတ္ထိ
ကုသိန္နာရုံ
ဝေသာလီ
ပါဋလိပုတ်
မိဂဒါဝုန်
နာလန္ဒာ
ဗာရာဏသီ
ဗုဒ္ဓဂါယာ
သန္ချိ
ကလကတ္တား
ရန်ကုန်

မမွစကြာအခါတော်နေ့

"ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မပဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခ, ညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ မမွစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဘော်ကြားသည်၊ တရားနတ်စည် ရွှမ်းဘယ်ကို"။

"လယ်တီဆရာတော်"

ဓမ္မ●ကြာ ၂-စောင်တွဲ

ပုံနှိပ်ခြင်း

| | |
|---|---|
| ပထမအကြိမ် | ၁၉၅၅-ခု၊ဧပြီလ |
| ဒုတိယအကြိမ် | ၁၉၅၆-ခု၊ဇန္နဝါရီလ |
| တတိယအကြိမ် | ၁၉၅၈-ခု၊ဇန္နဝါရီလ |
| စတုတ္ထအကြိမ် | ၁၉၆၁-ခု၊ဧပြီလ |
| ပဉ္စမအကြိမ် | ၁၉၆၂-ခု၊အောက်တိုဘာလ |
| ဆဋ္ဌမအကြိမ် | ၁၉၆၅-ခု၊ဇွန်လ |
| သတ္တမကြိမ် | ၁၉၇၁-ခု၊ဇွန်လ |
| အဋ္ဌမအကြိမ် | ၁၉၇၈-ခု၊ဇန္နဝါရီလ |

# ဓမ္မစက္ကပ္ပဝတ္တနသုတ်

နှင့်

# အနတ္တလက္ခဏာသုတ်

ပါဠိ-နိဿယ

(Chattha Sangayana Version)

# The Dhamma-Cakka- Pavattana Sutta
# &
# The Anatta-Lakkhana Sutta


ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်

၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

၁၃၃၉-ခု၊ (သာသနာ-၂၅၂၁) ၁၉၇၈-ခု

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၈၃၆၃)

အုပ်ရေ ၂၀၀၀

တအုပ် ၁၀-ကျပ်

**စာတည်းစာပြင်** ဦးခင်စိုး [သာသနဓဇသီရိပဝရဓမ္မာစရိယ] နှင့် ဆရာဦးသိန်းဟန်၊ ဦးထွန်းအောင်။

**ထုတ်ဝေသူ** ဦးဇော်ဝင်း (၀၀၀၄) ဟံသာဝတီစာအုပ်တိုက်၊ အမှတ်-၃၅၇၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** ဦးဇော်ဝင်း (၀၁၄၈၅) ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။ အမှတ် ၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံး** (ကာလာမောင်ဝင်းမှ ရိုက်သည်။)

# မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| * | ဓမ္မစကြာအမွှန်း | .... | ၁-၁၉ + |
| ၁။ | ဓမ္မစကြာနိဒါန်း | .... | ၂-၂၀-၃၅ |
| ၂။ | အယုတ်တရားနှစ်ပါး | .... | ၂-၂၀-၅၄ |
| ၃။ | အလယ်အလတ်အကျင့်တရား | .... | ၃-၂၁-၅၅ |
| ၄။ | ဒုက္ခသစ္စာ | .... | ၄-၂၄-၅၇ |
| ၅။ | သမုဒယသစ္စာ | .... | ၄-၂၅-၅၈ |
| ၆။ | နိရောဓသစ္စာ | .... | ၅-၂၆-၅၉ |
| ၇။ | မဂ္ဂသစ္စာ | .... | ၅-၂၆-၆၀ |
| ၈။ | ဒုက္ခသစ္စာ၌သစ္စဉာဏ် | .... | ၆-၂၇-၆၁ |
| ၉။ | ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် | .... | ၆-၂၈-၆၁ |
| ၁၀။ | ဒုက္ခသစ္စာ၌ ကတဉာဏ် | .... | ၆-၂၉-၆၂ |
| ၁၁။ | သမုဒယသစ္စာ၌ သစ္စဉာဏ် | .... | ၇-၃၀-၆၃ |
| ၁၂။ | သမုဒယသစ္စာ၌ ကိစ္စဉာဏ် | .... | ၇-၃၁-၆၄ |
| ၁၃။ | သမုဒယသစ္စာ၌ ကတဉာဏ် | .... | ၇-၃၂-၆၅ |
| ၁၄။ | နိရောဓသစ္စာ၌ သစ္စဉာဏ် | .... | ၈-၃၄-၆၆ |
| ၁၅။ | နိရောဓသစ္စာ၌ ကိစ္စဉာဏ် | .... | ၈-၃၅-၆၇ |
| ၁၆။ | နိရောဓသစ္စာ၌ ကတဉာဏ် | .... | ၈-၃၆-၆၈ |

**မှတ်ချက်။** ။စာမျက်နှာ ဂဏန်း ၃-မျိုးတွင် ပဌမ ပါဠိတော်, ဒုတိယ ဆရာတော် ဦးဗုဒ်နိဿယ, တတိယ လယ်တီဆရာတော် နိဿယသစ်ကို ညွှန်ပြသော ဂဏန်းများဖြစ်ပါသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | မဂ္ဂသစ္စာ၌ သစ္စဉာဏ် .... | ၉-၃၇-၆၉ |
| ၁၈။ | မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် .... | ၉-၃၈-၇၀ |
| ၁၉။ | မဂ္ဂသစ္စာ၌ ကတဉာဏ် .... | ၁၀-၃၉-၇၁ |
| ၂၀။ | ရှေးကဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ .... | ၁၀-၄၀-၇၂ |
| ၂၁။ | ယခုမှဘုရားဖြစ်ကြောင်းဝန်ခံပုံ .... | ၁၀-၄၁-၇၃ |
| ၂၂။ | ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိမြင်ပုံ .... | ၁၁-၄၁-၇၄ |
| ၂၃။ | ပဥ္စဝဂ္ဂီရဟန်းတို့တရားနှစ်သက်ကြပုံ | ၁၁-၄၂-၇၄ |
| ၂၄။ | အရှင်ကောဏ္ဍညသောတာပန်ဖြစ်ပုံ | ၁၁-၄၂-၇၅ |
| ၂၅။ | နတ်ဗြဟ္မာတို့ကောင်းချီးပေးပုံ .... | ၁၁-၄၃-၇၆ |
| ၂၆။ | တသောင်းသောလောကဓာတ် တုန်လှုပ်ပုံ .... | ၁၄-၄၆-၇၉ |
| ၂၇။ | အရောင်အလင်းဖြစ်ပေါ်လာပုံ .... | ၁၄-၄၆-၇၉ |
| ၂၈။ | မြတ်စွာဘုရားဥဒါန်းကျူးပုံ .... | ၁၄-၄၆-၈၀ |
| ၂၉။ | အညာသိကောဏ္ဍညရှင်ရဟန်း အဖြစ်တောင်းပုံ .... | ၁၄-၄၇-၈၁ |
| ၃၀။ | ဧဟိဘိက္ခုရဟန်းအဖြစ်ရပုံ .... | ၁၅-၄၈-၈၂ |


## အနတ္တလက္ခဏာသုတ်


| | | |
|---|---|---|
| | အနတ္တလက္ခဏာသုတ်အမွှန်း .... | ၇၈-၁၀၀-+ |
| ၁။ | အနတ္တလက္ခဏာသုတ်နိဒါန်း .... | ၇၈-၁၀၁-၁၂၉ |
| ၂။ | ရူပက္ခန္ဓာအနတ္တဖြစ်ပုံ .... | ၈၈-၁၀၂-၁၃၀ |
| ၃။ | ဝေဒနာက္ခန္ဓာအနတ္တဖြစ်ပုံ .... | ၈၈-၁၀၅-၁၃၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | သညာက္ခန္ဓာအနတ္တာဖြစ်ပုံ .... | ၈၉-၁၀၆-၁၃၂ |
| ၅။ | သင်္ခါရက္ခန္ဓာအနတ္တာဖြစ်ပုံ .... | ၈၉-၁၀၇-၁၃၃ |
| ၆။ | ဝိညာဏက္ခန္ဓာအနတ္တာဖြစ်ပုံ .... | ၉၀-၁၀၉-၁၃၄ |
| ၇။ | ရူပက္ခန္ဓာ၌လက္ခဏာရေးသုံးပါး .... | ၉၀-၁၁၀-၁၃၅ |
| ၈။ | ဝေဒနာက္ခန္ဓာ၌လက္ခဏာရေး၃-ပါး | ၉၁-၁၁၂-၁၃၆ |
| ၉။ | သညာက္ခန္ဓာ၌လက္ခဏာရေး၃-ပါး | ၉၁-၁၁၂-၁၃၇ |
| ၁၀။ | သင်္ခါရက္ခန္ဓာ၌လက္ခဏာရေး၃-ပါး | ၉၂-၁၁၂-၁၃၉ |
| ၁၁။ | ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး | ၉၂-၁၁၂-၁၄၀ |
| ၁၂။ | ရုပ်တရားကို တဏှာ, မာန, ဒိဋ္ဌိ ဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ .... | ၉၃-၁၁၅-၁၄၁ |
| ၁၃။ | ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ.... | ၉၃-၁၁၆-၁၄၂ |
| ၁၄။ | သညာတရားကိုတဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ.... | ၉၄-၁၁၈-၁၄၃ |
| ၁၅။ | သင်္ခါရတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ.... | ၉၄-၁၁၉-၁၄၄ |
| ၁၆။ | ဝိညာဉ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ.... | ၉၅-၁၂၀-၁၄၆ |
| ၁၇။ | နိဗ္ဗိန္ဒာဉာဏ်မှစ၍ မဂ်ကိစ္စတစ်ဆယ့် ခြောက်ချက်ဖြစ်ပုံ .... | ၉၅-၁၂၂-၁၄၇ |
| ၁၈။ | ပဥ္စဝဂ္ဂီရဟန်းများရဟန္တာဖြစ်ပုံ.... | ၉၆-၁၂၄-၁၄၈ |
| * | ဓမ္မစကြာသုတ်ပေါက်ဆစ် အဓိပ္ပါယ် | ၁၅၀ |

# နိဒါန်း

**ဦးဦးဖျားဖျား မြွက်တရား**

ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၅-ဝါကာလ ပတ်လုံးဝေနေယျ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့လေသည်၊ ယင်းသို့ ၄၅-ဝါကာလပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော် မူခဲ့ရာတွင် ဤဓမ္မစကြာ တရားတော်သည် အထူးခြားဆုံး တရားပင် ဖြစ်ပေသည်၊ အဘယ်ကြောင့် ဆိုသော် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဦးဦးဖျားဖျား ပဌမဆုံး စတင်ဟောကြားသော တရားတော်ကြီး ဖြစ်သောကြောင့်တည်း။

**ဘုရားအဆူဆူ ဟောတော်မူ**

ဤဓမ္မစကြာ ဒေသနာတော်ကို ကျွန်ုပ်တို့ ဘုရားရှင် တပါးတည်းသာ ဦးဦး ဖျားဖျား ဟောကြားတော်မူခဲ့သည် မဟုတ်၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူခဲ့ကြပြီးသော အနန္တဘုရားရှင်တို့သည်လည်း ဂေါတမရှင်တော်ဘုရားနှင့်မခြား အလားတူ ဟောကြားတော် မူခဲ့ကြသည်ချည်း ဖြစ်သည်၊ နောင်ပွင့်တော်မူလတ္တံ့သော မေတ္တေယျစသော ဘုရားရှင်တို့ သည်လည်း ဤအစဉ်အလာ အတိုင်းပင် ဓမ္မစကြာတရားဓမ္မကို ဦးစွာပဌမ ဟောကြား မြွက်ဟတော်မူမည်ပင် ဖြစ်လေသည်။

**ဓမ္မက္ခန္ဓာ မာတိကာ**

သို့ဖြစ်၍ ဓမ္မစကြာ ဒေသနာတော်ကြီးသည် ဘုရားရှင် ဟူသမျှတို့၏ လက်မှန်မဆွ ဓမ္မဒေသနာ တော်ကြီးလည်း ဖြစ်သည်၊ ဗုဒ္ဓဘုရားရှင်တို့သည်

မိမိတို့၏ သာသနာကို ဓမ္မစကြာဖြင့် စတင်ဖွင့်လှစ်တော်မူကြခြင်းကြောင့် သာသနာဖွင့် တရားတော်ကြီးလည်း ဖြစ်သည်၊ "စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ" ဆိုသည့်အတိုင်း ၄၅-ဝါ ကာလပတ်လုံး ဟောကြားသမျှသည် သစ္စာ ၄-ပါးမှ လွတ်သောတရား မရှိခြင်းကြောင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့၏ မိခင်မာတိကာလည်း ဖြစ်လေသည်၊ အဘိဓမ္မာ ၇-ကျမ်းတို့၏ သည်းခြေလည်း ဖြစ်လေသည်။

**သောတာပန်ဖြစ် တရားစဉ်**

မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့် စနေနေ့တွင် သားမျိုးစုံသည့် မိဂဒါဝုန်တော၌ ဤဓမ္မစကြာ ဒေသနာတော်ကို ရှင်တော်ဘုရား ဟောကြားတော်မူသည့်အခါ နတ်ဗြဟ္မာ ၁၈-ကုဋေနှင့်တကွ အရှင်ကောဏ္ဍည မထေရ် သောတာပန် ဖြစ်လေသည်၊ ထိုနောက်တဖန် လပြည့်ကျော် တရက်နေ့တွင် ဓမ္မစကြာ ဒေသနာတော်ကိုပင် အကျယ်တဝင့် ဟောတော်မူပြန်ရာ ထိုနေ့မှာပင် အရှင်ဝပ္ပသည်၎င်း, နှစ်ရက်နေ့တွင် အရှင်ဘဒ္ဒိယ, သုံးရက်နေ့တွင် အရှင်မဟာနာမ်, လေးရက်နေ့တွင် အရှင်အဿဇိ မထေရ်တို့သည်၎င်း အစဉ်အတိုင်း သောတာပန် အဖြစ်သို့ ရောက်ကြပြန်လေသည်၊ သို့ဖြစ်၍ ဤဓမ္မစကြာဒေသနာသည် နိဗ္ဗာန်ပြည်[illegible]သော သောတာပန်ဖြစ် တရားစဉ် တရားမှန်ကြီးလည်း ဖြစ်လေသည်။

**ပိတိလျှပ်းလျှမ်း မြတ်ဥဒါန်း**

ဘုရားမြတ်စွာ [illegible]သတ္တာသည် ဓမ္မစက္က မြတ်ဓမ္မကို မြွက်ဟ ဟောတော်မူသည့် အခါ ပဥ္စဝဂ္ဂီများ အနက်မှ

အရှင်ကောဏ္ဍညမထေရ်၏ တရားထူးကို စတင်ရရှိလေသည်၊ ထိုအခါ ပီတိလျှမ်းလျှမ်း ရွှင်လန်း နှစ်သက်တော်မူသဖြင့် "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"၊ "အိုနတ်, လူ, ဗြဟ္မာ သတ္တဝါအပေါင်းတို့.... ချစ်သားကောဏ္ဍညသည် ငါဘုရား၏ တရားတော်ကို သိလေပြီ၊ အိုနတ်, လူ, ဗြဟ္မာသတ္တဝါအပေါင်းတို့....ချစ်သားကောဏ္ဍညသည် ငါဘုရား၏ တရားတော်ကို သိလေပြီ"ဟု ရှင်တော်ဘုရားသည် ဥဒါန်းကျူးရင့်တော်မူလေသည်၊ ယင်းသို့ဥဒါန်းကျူးရင့်တော် မူခြင်းမှာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဒုတိယမြောက် ကျူးရင့်ခြင်းဖြစ်၍ ပီတိလှမ်းလှမ်းရွှင်နှုတ်တော်မိန့်ခွန်းဖြင့် ဥဒါန်းကျူးရင့်ရသည့် မင်္ဂလာဒေသနာတော်ကြီးဟုလည်း ခေါ်ဆိုနိုင်ပြန်လေသည်။

**ဘဝင်တုန်ဟီး ကောင်းချီးသံ** ဓမ္မစကြာတရား ဟောကြား အပြီးတွင် နတ်, ဗြဟ္မာ အပေါင်းတို့သည် အလွန် အကြူး အထူး ဝမ်းမြောက် ကြကုန်သည် ဖြစ်၍ "ဘုန်းတော်ခြောက်စုံ ကိုးဂုဏ်သခင် ဘုရားရှင်သည် ဓမ္မစကြာဒေသနာ စည်တော်ကြီးကို ရိုက်တီးတော် မူလေပြီ" ဟု ဘုမ္မစိုးနတ်များကအစ အဆင့်ဆင့်ကြေးကြော် ကြသည်မှာ အကနိဋ္ဌ ဗြဟ္မာ့ဘုံသို့တိုင် ရောက်သဖြင့် ဘဝင်တုန်ဟီး ကောင်းချီးသံလျှံခဲ့သော တရားတော်ကြီး ဟုလည်း ဆိုပြန်လေသည်။

**နိမိတ်ထူးပြ မြတ်ဓမ္မ** ဤဓမ္မစကြာ တရားကို ဟောကြားပြီးသော အခါ နတ်, ဗြဟ္မာတို့၏ အရောင်ပေါ်ထူး၍ အလွန်ထွန်းလင်းသော အရောင်တော်ကြီးသည် တသောင်းသော လောကဓာတ် တိုက်ဘောင်တွင်

ထွန်းပြောင် ထိန်လင်းလေသည်၊ ထိုမှတပါး ၃၂ - ပါး သောနိမိတ်ကြီးများလည်း လောကဓာတ်တခွင်တွင် ထင်မြင် လာကြလေသည်၊ သို့ဖြစ်၍ နိမိတ်ထူးပြ မြတ်ဓမ္မဟူ၍လည်း ချီးကျူးနိုင်ကြပြန်လေသည်။ (၃၂ - ပါးသော နိမိတ်ကြီး များကို သီးခြားဖော်ပြထားသည်။)

**သံဃာအစ ဓမ္မစကြာက**

ဓမ္မစကြာတရား ဟောကြားတော်မမူမီက လောကတွင် ဘုရားရတနာနှင့် တရားရတနာ ၂ - ပါးသာ ရှိသေး၏၊ သံဃာရတနာ ဟူ၍ မပေါ်ခဲ့သေးချေ၊ ဓမ္မစကြာတရား ဟောကြား အပြီးတွင်မှ အရှင်ကောဏ္ဍညသည် သောတာပန် ဘ၀နှင့် ပဌမဆုံး "ဧဟိ-ဘိက္ခု" ရဟန်းဘ၀ကို ရရှိလေသည်၊ ထို အခါမှသာ လောကတွင် သံဃာရတနာ စတင်ပေါ်ထွန်းလာ သဖြင့် "သံဃာရတနာ အစ ဓမ္မစကြာက" ဟူ၍လည်းဂုဏ်ပြု နိုင်ကြပြန်လေသည်။

**နွားဦးမရိုး တရားမျိုး**

ဓမ္မစကြာသည် နတ်, ဗြဟ္မာတို့ ရှေးဦးစွာ မြိန်မြိန်ရှက်ရှက် ခံစားရသော ကနဦးတရား တော်ကြီးဖြစ်၍ ရွတ်ဘတ်သံကြားတိုင်း နက် ဟိုနွားဦးမရိုး ရွှင်လန်းအားရ နှစ်သက်ကြကုန်၏၊ နှစ်လိုကြ ကုန်၏၊ "အမြဲရွတ်ဘတ် သရဇ္ဈာယ်လျှင် ဘေးအန္တရာယ်ကင်း စင်၍ ဘုန်းဘန်ခိုးတိုးတက်သည်၊ ကြံတိုင်းအောင် ဆောင် တိုင်းမြောက်သည်၊ ချစ်သောသူနှင့် လွယ်ကူစွာ တွေ့ရတတ် သည်၊ ခေမာန်ဗ္ဗာန် အမြန်ရောက်နိုင်သည်" ဟုလည်း မထေရ် ကောင်း မထေရ်မြတ်တို့က သုံးမတော်မူကြသည်၊ ထို အကြောင်းကိုလည်း ဓမ္မစကြာအမွန်းတွင် ဆရာတော်ဦးဇင်းက အထင်အရှား ဖော်ပြထားပြီး ဖြစ်လေသည်၊ ဓမ္မစကြာ

မယ်ဟေမာ၏ သာဓကကို ဘတ်ရှုကြလျှင်လည်း ဤဓမ္မစကြာ အကျိုးဓမ္မ တွေ့ရှိနိုင်ကြလေသည်။

**နက်နဲထူးခြား တရားနှစ်ပါး**

ဓမ္မစကြာ တရား ဟောကြားတော်မူပြီး နောက် ဝါဆိုလပြည့်ကျော် ငါးရက်နေ့တွင် ရှင်တော် မြတ်ဘုရားသည် အနတ္တလက္ခဏာ သုတ်တရားတော်ကို ပဉ္စဝဂ္ဂီ ငါးဦးတို့အား ထပ်မံ ဟောကြား တော်မူပြန်လေသည်၊ ဤတရားအဆုံးတွင် ပဉ္စဝဂ္ဂီ ငါးဦးလုံးပင် ရဟန္တာအဖြစ်သို့ဆိုက်ရောက်တော်မူကြသဖြင့် အနတ္တလက္ခဏာသုတ် တရားတော်ကြီးကို ရဟန္တာဖြစ်တရားတော်ကြီးဟု မော်ကွန်းတင် ကြလေသည်။

**ရဟန္တာဖြစ်ရာ တတိယဒေသနာ**

အနတ္တလက္ခဏာသုတ် တရားတော်ကြီးသည် ဘုရားဖြစ်တော်မူပြီးနောက် တတိယမြောက် ဟောကြားသော တရားတော်မြတ် ဖြစ်၏၊ ဓမ္မစကြာသည် ပဌမတရားဦးဖြစ်၍ ဝါဆိုလပြည့်နေ့ ညတွင်ပင် သာတာဂိရိနှင့် ဟေမဝတ နတ်ဘီလူးကြီး ၂-ဦးအား အမှူး ထား၍ ဟောကြားတော်မူအပ်သော (ဟေမဝတ) သုတ္တန်သည် ဒုတိယတရားများ ဖြစ်ကြ၏၊ သို့သော် ထိုတရားတော်များကို ဟောကြားတော်မူစဉ်က လောကတွင် ဘုရားမှအပ သောတာပန် အရိယာမျှသာ ပေါ်လာကြသေး၏၊ အရဟတ္တအရိယာ မပေါ် လာသေး၊ အနတ္တလက္ခဏာသုတ် ဒေသနာကိုဟောကြားသည့် အခါ မှသာ ရဟန္တာ အရိယာများ ပေါ်လာကြသည်။

**အနတ္တမြင်မှ နိဗ္ဗာန်ဝင်**

အနတ္တတရား ဟူသည် ဘုရား သာသနာတော် အတွင်း၌သာ ပေါ်လာသော တရားမျိုး ဖြစ်၏၊ သာသနာပ ကာလတွင် အနိစ္စနှင့် ဒုက္ခလက္ခဏာ

ထင်နိုင်ကြပါ၏၊ အနုတ္တလက္ခဏာ ကိုကား မထင်နိုင်ကြချေ၊ အနုတ္တလက္ခဏာ မထင်သမျှလည်း အတ္တစွဲ မပြုတ်နိုင်၊ အတ္တစွဲ မပြုတ်နိုင်သေးသမျှလည်း တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရားများကို မပယ်သတ်နိုင်၊ အနတ္တကို မြင်မှသာ နိဗ္ဗာန် ဝင်နိုင်ကြသည်၊ သို့ဖြစ်၍ အနတ္တလက္ခဏာသုတ်, အနတ္တ တရားသည် အချုပ်တရား ဖြစ်လေသည်၊ သို့သော် အနတ္တလည်း ထင်ရမည် သစ္စာ လေးအင်လည်း မြင်ရမည်၊ ဤတွင်မှ ဘဝခပ်သိမ်း တဇာတ်ငြိမ်းပြီး နိဗ္ဗာန်သောင်ခွင် ကူးဝင်နိုင်ကြလေသည်။

ထို့ကြောင့် တူးလည်းသူးမြတ် ဆက်လည်းဆက်စပ်နေသော မမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ဒေသနာတော် ၂-ရပ်ကို လူကြီး,လူငယ်မရွေး လေ့လာ ကျက်မှတ် ရွတ်ဘတ်နိုင်ကြရန်နှင့် ယင်းသို့ လေ့လာ ကျက်မှတ် ရွတ်ဘတ်နိုင်ကြခြင်းဖြင့် မင်္ဂလာ, ဖိုလ်ဉာဏ် ရင့်သန်ကြစေရန်ငှင်း,ကောင်းကျိုး ချမ်းသာ မင်္ဂလာ အဝဝ တိုးပွားကြစေရန်ငင်း ရည်သန်လျက် သုတ် ၂-စောင်လုံး ပဒ်ပါဠိအက္ခရာများကို သင်္ဂါယနာတင်(မူ)နှင့်အညီ တည်းဖြတ် ပြင်ဆင်လျက် ရိုက်နှိပ်သုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

ယင်းသို့ ပုံနှိပ်ထုတ်ဝေရာတွင် သုတ် ၂-စောင်လုံး၏ အဓိပ္ပါယ်တွကို ကျနပိုင်ပိုင် သိနိုင်ကြစေရန် အတွက်လည်း ကျေးဇူးရှင် ညောင်ကန် ဆရာတော်ဘုရားကြီးနှင့် လယ်တီဆရာတော်ဘုရားကြီးတို့၏ ဓမ္မစက္ကပဝတ္တနသုတ် နိဿယ ၂-စောင်နှင့် အနတ္တလက္ခဏာသုတ်နိဿယ ၂-စောင်ကိုပါ ပူးတွဲ၍ ကောင်းမွန် သပ်ရပ်စွာ ပုံနှိပ်လုပ်ဆောင်အပ်ပါသည်၊ ဤဓမ္မစကြာနှင့် အနတ္တလက္ခဏာ

သုတ် ၂-စောင်တွဲကို ဆင္ဌသံဂါယနာတင်မူနှင့်အညီ ပုံနှိပ်ရန် အတွက်ကူညီ တည်းဖြတ်ပေးသူ စာပြင်မှူးချုပ် မဟာပညာဗလ ပါဠိပါမောက္ခ ဆရာညဏ်အား အထူးကျေးဇူးဥပကာရတင်ရှိပါ ကြောင်း။

"မောင်ဘခင်"
၆၃-ပတ်ကလိမ်းလမ်း၊
ရန်ကုန်မြို့။
၁၇-၄-၅၅

# ဓမ္မစကြာနှစ်စောင်တွဲ

## ပါဌ်ဆင့် ရွတ်ဖတ်နည်း


| | | စာမျက်နှာ |
|---|---|---|
| က္က | ဓမ္မစက္ကံ=ဓမ်မစက်ကံ | ၂ |
| | အတိက္ကမ္မ=အတိတ်ကမ်မ | ၁၄ |
| င်္က | သင်္ကပ္ပေါ=သင်ကပ်ပေါ | ၃ |
| က္ခ | ဘိက္ခူနံ=ဘိက်ခူနံ | ၁ |
| | စက္ခုကရဏီ=စက်ခုကရဏီ | ၃ |
| | သွာက္ခာတော=သွာက်ခါတော | ၁၅ |
| ဂ္ဂ | ပဉ္စဝဂ္ဂိနံ=ပင်စဝက်ဂိနံ | ၁ |
| | မဂ္ဂေါ=မက်ဂေါ | ၃ |
| စ္စ | စတုသစ္စံ=စတုသစ်စံ | ၁ |
| | အပရပ္ပစ္စယော=အပရပ်ပစ်စယော | ၁၅ |
| | ပစ္စဿောသုံ=ပစ်စတ်သောသုံ | ၈၃ |
| | ပစ္စုပ္ပန္နံ=ပစ္စုပ်ပန်နံ | ၉၃ |
| | (ပစ်ကို ပျစ်–ပြစ်ဟု အသံမထွက်ရ) | |
| စ္ဆ | ယံပိစ္ဆံ=ယံပိတ်ဆံ | ၄ |
| | သစ္ဆိကာတဗ္ဗံ=သစ်ဆိကာတပ်ဗံ | ၈ |
| | ဝိစိကိစ္ဆော=ဝိစိကိတ်ဆော | ၁၄ |
| ဇ္ဇ | ပေါထုဇ္ဇနိကော=ပေါထုတ်ဇနိကော | ၂ |
| | ဝေသာရဇ္ဇပ္ပတ္တော=ဝေသာရစ်ဇပ်ပတ်တော | ၁၅ |
| | ဝိရဇ္ဇတိ=ဝိရစ်ဇတိ | ၉၅ |
| ဇ္ဈ | မဇ္ဈိမာ=မစ်ဈိမာ | ၃ |
| | အဇ္ဈတ္တံဝါ=အစ်ဈတ်တံဝါ | ၉၃ |

## (၁) ဓမ္မစကြာ ၂-စောင်တွဲ ပါဠိဆင့်ရှုတ်ဖတ်နည်း

| | | |
|---|---|---|
| ည | အဘိညာယ=အဘိန်ညာယ | ၃ |
| | ပရိညေယျံ=ပရိန်ညေယျံ | ၆ |
| | ပစ္စညာသိံ=ပစ်စင်ညာသိန် | ၁၁ |
| | ဘညမာနေ=ဘင်ညမာနေ | ၁၁ |
| ဉ္စ | ပဉ္စဝဂ္ဂိနံ=ပင်စဝက်ဂိနံ | ၁ |
| | ပဉ္စုပါဒါ=ပင်စုပါဒါ | ၄ |
| | ယာဝကီဝဉ္စ=ယာဝကီဝင်စ | ၁၀ |
| | ကိဉ္စိ=ကိန်စိ | ၁၁ |
| ဋ္ဋ | တိပရိဝဋ္ဋံ=တိပရိဝဋ်ဋံ | ၁၀ |
| ဋ္ဌ | အဋ္ဌင်္ဂိကော=အတ်ထင်ဂိကော | ၃ |
| | သမ္မာဒိဋ္ဌိ=သမ်မာဒိတ်ထိ | ၃ |
| | ဒိဋ္ဌဓမ္မော=ဒိတ်ထဓမ်မော | ၁၄ |
| | ဒဋ္ဌဗ္ဗံ=ဒတ်ထပ်ဗံ | ၆၃ |
| ဏ္ဏ | တိဏ္ဏဝိစိကိစ္ဆော=တိဏ်ဏဝိစိကိတ်ဆော | ၁၄ |
| ဏ္ဍ | ကောဏ္ဍညဿ=ကုဏ်ဍင်ညတ်သ | ၁၁ |
| တ္တ | အတ္တကိလမထာ-အတ်တကိလမထာ | ၂ |
| | သံဝတ္တတိ=သံဝတ်တတိ | ၃ |
| | သံခိတ္တေန=သံခိတ်တေန | ၄ |
| | အနုတ္တရံ=အနုတ်တရံ | ၁၁ |
| | ဝိမုတ္တတ္သ္မိံ=ဝိမုတ်တတ်သမိန် | ၆၅ |
| တြ | တတြခေါ=တတ်တရခေါ | ၂ |
| | တတြတတြာ=တတ်တရတတ်တရာ | ၄ |
| တွ | သုတွာ=သုတ်တွာ | ၁၂ |
| | ပဝတ္တေတွာ=ပဝတ်တစ်တွာ | ၈၇ |

| | | |
|---|---|---|
| တ္ထ | ဟိတတ္ထာယ=ဟိတတ်ထာယ | ၂ |
| | အနုတ္ထံဟိတော=အနုတ်ထံဟိတော | ၂ |
| | သတ္ထုသာသနေ=သတ်ထုသာသနေ | ၁၅ |
| | ဣတ္ထတ္တာယ=ဣတ်ထတ်တာယ | ၉၅ |
| ဒ္ဒ | သဒ္ဒမနုဿာဝေသုံ=သတ်ဒမနုတ်သာဝေသုံ | ၁၁ |
| | ဘဒ္ဒန္တေတိ=ဘတ်ဒန်တေတိ | ၈၄ |
| ဒ္ဓ | သုဝိသုဒ္ဓံ=သုဝိသုတ်ဓံ | ၁၀ |
| | ဗဟိဒ္ဓါဝါ=ဗဟိတ်ဓါဝါ | ၉၃ |
| န္တ | ပကာသေန္တော=ပကာသင်တော | ၁ |
| | အန္တာ=အန်တာ | ၂ |
| | ကမ္ပေန္တော=ကမ်မန်တော | ၃ |
| | ဘဂဝန္တံ=ဘဂဝန်တံ | ၁၅ |
| န္ဒ | နန္ဒိတံ=နန်ဒိတံ | ၂ |
| | နန္ဒိရာဂ=နန်ဒိရာဂ | ၄ |
| | အဘိနန္ဒုံ=အဘိနန်ဒုံ | ၉၅ |
| န္ဓ | ပဉ္စုပါဒါနက္ခန္ဓာ=ပင်စုပါဒါနက်ခန်ဓာ | ၄ |
| ပ္ပ | အပ္ပိယေဟိ=အပ်ပိယေဟိ | ၄ |
| | ဝိပ္ပယောဂေါ=ဝိပ်ပယောဂေါ | ၄ |
| | အပ္ပဋိဝတ္တိယံ=အပ်ပဋိဝတ်တိယံ | ၁၂ |
| ဗ္ဗ | နိဗ္ဗာန=နိပ်ဗာန | ၁ |
| | သဗ္ဗဒေဝေဟိ=သပ်ဗဒေဝေဟိ | ၂ |
| | ပဗ္ဗဇိတေန=ပပ်ဗဇိတေန | ၂ |
| | ပုဗ္ဗေ=ပုပ်ဗေ | ၆ |
| | နိဗ္ဗိန္ဒတိ=နိပ်ဗိန်ဒတိ | ၉၅ |

# (တ) ဓမ္မစကြာ ၂–စောင်တွဲ ပါဠိဆင့်ရှတ်ဖတ်နည်း

| | | |
|---|---|---|
| ဗ္ဘ | ပေါနောဗ္ဘဝိကာ=ပေါနုတ်ဘဝိကာ | ၄ |
| | ပုနဗ္ဘဝေါ=ပုနပ်ဘဝေါ | ၁၁ |
| | အဗ္ဘုဂ္ဂစ္ဆိ=အပ်ဘုတ်ဂစ်ဆိ | ၁၃ |
| | လဗ္ဘေထ=လပ်ဘေထ | ၈၈ |
| မ္မ | ဓမ္မဝရံ=ဓမ်မဝရံ | ၁ |
| | ဂမ္မော=ဂမ်မော | ၂ |
| | နိမ္မာနရတိ=နိမ်မာနရတိ | ၁၃ |
| | သမ္ပပ္ပညာယ=သမ်မပ်ပင်ညာယ | ၉၃ |
| မ္ပ | သဟမ္ပတိ=သဟမ်ပတိ | ၁ |
| | သမ္ပတ္တိ=သမ်ပတ်တိ | ၂ |
| မ္ဗ | သမ္ဗုဒ္ဓါ=သမ်ဗုတ်ဓါ | ၃ |
| | သမ္ဗောဓာယ=သမ်ဗောဓာယ | ၃ |
| လ္လ | သုခလ္လိကာ=သုခန်လိကာ | ၂ |
| | ကလ္လံနု=ကန်လံနု | ၉၀ |
| ဿ | တဿာဝေယျ=တတ်သာဝေယျ | ၅ |
| | နိဿဂ္ဂေါ=နိတ်သဂ်ဂေါ | ၅ |
| | အနနုဿုတေသု=အနနုတ်သုတေသု | ၆ |
| သ္မ | အာယသ္မတော=အာယတ်သမတော | ၁၅ |
| | ဝေဿဝဏဗိမ္ပိ=ဝေသ်ဝဏမတ်သမိ | ၉၀ |
| | တသ္မာ=တတ်သမာ | ၉၃ |
| ဠှ | ပရိယောဂါဠှ=ပရိယောဂါန်လှ | ၁၄ |
| | အာသာဠှိ...=...န်လှိယ | ၈၇ |
| ဟ္မ | ဗြဟ္မာနံ...မ... | ၁ |
| | သဗြဟ္မကေ=သဗြန်မကေ | ၁၀ |
| | ဗြဟ္မုနာဝါ=ဗြန်မုနာဝါ | ၁၂ |



# ဓမ္မစကြာ ၂-စောင်တွဲ

## ဓမ္မစကြာပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ဓမ္မစကြာအမွှန်း

(က) ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊
ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာန ပါပကံ။

(ခ) သဟမ္ပတိ နာမကေန၊
မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောက နာထော အဒေသယိ။

H 315—1 [ဟံသာဝတီ] (အဋ္ဌမအကြိမ်)

## ဓမ္မစကြာ ၂-စောင်တွဲ

(၁) နန္ဒိတံ သဗ္ဗ ဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိ သာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

---

### ၁-ဓမ္မစကြာနိဒါန်း

ဧဝံ မေ သုတံ-

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာ-မန္တေသိ-

---

### ၂-အယုတ်တရားနှစ်ပါး

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိ-တဗ္ဗာ။

ကတမေ ဒွေ-

ယော စာယံ ကာမေသု ကာမသုခလ္လိကာ-နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

ယော စာယံ အတ္တကိလမထာ နုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

## ၃–အလယ်အလတ်အကျင့်တရား

တေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပေါ
သမ္မာဝါစာ
သမ္မာကမ္မန္တော
သမ္မာအာဇီဝေါ
သမ္မာဝါယာမော
သမ္မာသတိ
သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## ၄-ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဇာတိပိ ဒုက္ခာ၊
ဇရာပိ ဒုက္ခာ၊
ဗျာဓိပိ ဒုက္ခော၊
မရဏံပိ ဒုက္ခံ၊
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယံ ပိစ္ဆံ န လဘတိ-တံပိ ဒုက္ခံ၊
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ[1] ဒုက္ခာ။

## ၅-သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။
ယာယံ တဏှာ ပေါနောဗ္ဘဝိကာ၊ နန္ဒီရာဂသဟဂတာ[2] တတြတတြာဘိနန္ဒိနီ။

သေယျထိဒံ-

ကာမတဏှာ
ဘဝတဏှာ
ဝိဘဝတဏှာ။

---

၁-ပဉ္စုပါဒါနက္ခန္ဓာပိ (မူကွဲ)
၂-ပေါနောဗ္ဘဝိကာ (မူကွဲ)
၃-နန္ဒီရာဂသဟဂတာ (မူကွဲ)

## ၆ – နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။
ယော တဿာယေဝ တဏှာယ–

အသေသဝိရာဂနိရောဓော
စာဂေါ
ပဋိနိဿဂ္ဂေါ
မုတ္တိ
အနာလယော။

---

## ၇ – မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိ–
ပဒါ အရိယသစ္စံ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပေါ
သမ္မာဝါစာ
သမ္မာကမ္မန္တော
သမ္မာအာဇီဝေါ
သမ္မာဝါယာမော
သမ္မာသတိ
သမ္မာသမာဓိ။

## ၈-ဒုက္ခသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခံ အရိယသစ္စံ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

## ၉-ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

## ၁၀-ဒုက္ခသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

## ၁၁-သမုဒယသစ္စ၌သစ္စဉာဏ်

“ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

## ၁၂-သမုဒယသစ္စာ၌ ကိစ္စဉာဏ်

“တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

## ၁၃-သမုဒယသစ္စာ၌ ကတဉာဏ်

“တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊

ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

---

၁၄-နိရောဓသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-
စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

၁၅-နိရောဓသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-
စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

၁၆-နိရောဓသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ၊

---

## ၁၇-မဂ္ဂသစ္စာ၌ သစ္စညာဏ်

"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

## ၁၈-မဂ္ဂသစ္စာ၌ ကိစ္စညာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

## ၁၉–မဂ္ဂသစ္စာ၌ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု–

စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

---

## ၂၀–ရှေးကဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ။

---

## ၂၁–ယခုမှဘုရားဖြစ်ကြောင်းဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝ–မနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

---

## ၂၂–ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ "အကုပ္ပါ မေ ဝိမုတ္တိ[၁]၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" တိ။

---

## ၂၃–ပဉ္စဝဂ္ဂီရဟန်းတို့ တရားနှစ်သက်ကြပုံ

ဣဒ မဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

---

## ၂၄–အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မ"န္တိ။

---

## ၂၅–နတ်ဗြဟ္မာတို့ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန[၂] ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ[၃] ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏ–သိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ

---

၁–စေတောဝိမုတ္တိ [မူကွဲ]

၂–ပန (အချို့မူ၌မရှိ) ၃–ဘုမ္မာ [မူကွဲ]

အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ''တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ''ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ''တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ''ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ''တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ''ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ''တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ''ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ-

ဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာ-ရေနဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒ မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိ-ပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ-ဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသ-ဝတ္တီ ဒေဝါ သဒ္ဒ မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာ-ဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာ-ယိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ[၁]။

---

၁-အဗ္ဘုဂ္ဂစ္ဆတိ။

## ၂၆-တသောင်းသော လောကဓာတ်တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

---

## ၂၇-အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော ဩဘာသော ၊ လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ ။

---

## ၂၈-မြတ်စွာဘုရားဥဒါန်းကျူးပုံ

အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာ-သိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။

ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိကောဏ္ဍညော တွေဝ နာမံ အဟောသိ။

---

## ၂၉-အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ်တောင်းပုံ

အထခေါ အာယသ္မာ အညာသိကောဏ္ဍညော-

ဒိဋ္ဌဓမ္မော

ပတ္တဓမ္မော

ဝိဒိတဓမ္မော

ပရိယောဂါဠ္ဟဓမ္မော

တိဏ္ဏဝိစိကိစ္ဆော

ဝိဂတကထံကထော

---

၁-ဒေဝါနုဘာဝံ (မူကွဲ) ၂-ဣမံ (အချို့မူ၌မရှိ)

ဝေသာရဇ္ဇပ္ပတ္တော
အပရပ္ပစ္စယော သတ္ထုသာသနေ
ဘဂဝန္တံ ဧတ ဒဝေါစ–

“လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒ” န္တိ။

---

## ၃၀–ဧဟိဘိက္ခုရဟန်းအဖြစ်ရပုံ

“ဧဟိ ဘိက္ခူ” တိ ဘဂဝါ အဝေါစ၊ သွာက္ခာ–တော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိ–ယာယာတိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသိတိ။

ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။

---



ဣသိပတန မိဂဒါဝုန်တောရှိ အသောကကျောက်တိုင်

ဆရာတော် ဦးဗုဓ်

# ဓမ္မစကြာသုတ်

နိဿယဟောင်း

H 315—2 [ဟံသာဝတီ] (အဋ္ဌမအကြိမ်)

ဆရာတော်ဦးဗုဓ်

# ဓမ္မစကြာသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဓမ္မစကြာအမွှန်း

(က-ခ) ဧတုသတ္တံ၊ သတ္တာလေးပါးကို။ ပကာသေန္တော၊ ပြတော်မူသော။ လောကနာထော၊ လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဟမ္ပတိနာမကေန၊ သဟမ္ပတိ-အမည်ရှိသော။ မဟာဗြဟ္မုန၊ မြတ်သောဗြဟ္မာ မင်းသည်။ ယာစိတော၊ တရားဟောစိမ့်သောငှာ တောင်းပန် အပ်သည်ဖြစ်၍။ ဣသိပတန နာမကေ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာတို့၏ ကောင်းကင်မှ သက်ရာ, ကောင်းကင်သို့ တက်ရာဖြစ်၍ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ သား တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန် သားပေါင်းစုံသည့် တော ရဂုံ၌။ ပဉ္စဝဂ္ဂိနံ၊ ငါးယောက်အစု ရှိခြင်းကြောင့် ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခုနံ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ-ရဟန်းတို့အား။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ရောက်စေတတ်သော။ ဓမ္မဝရံ၊ မြတ်သောတရားဖြစ်သော။ ယံ-ဓမ္မစက္ကံ၊ အကြင်ဓမ္မစကြာ ဒေသနာတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

(ဂ) သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းကုန်သော သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့သည်။ ဝါ၊ ခပ်သိမ်း ကုန်သော

နုတ်ပြဟွာတို့သည်။ နန္ဒိတံ၊ နှစ်လိုအပ်သော။ သဗ္ဗသမ္ပတ္တိသာဓကံ၊ ခပ်သိမ်းသော လောကီ, လောကုတ္တရာ ပစ္စုပ္ပန်, သံသရာ စည်းစိမ်ကို ပြီးစေတတ်သော။ တံ-ဓမ္မစက္ကံ၊ ထိုဓမ္မစကြာ ဒေသနာတော်ကို။ သဗ္ဗလောကဟိတတ္ထာယ၊ ခပ်သိမ်းသော လောက၏ အစီးအပွားအကျိုးငှာ။ ဟော၊ အို-အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## ၁-ဓမ္မစကြာနိဒါန်း

ဘဒ္ဒန္တကဿ၊ အရှင်မဟာကဿပ၊ ဣဒံသုတ္တံ၊ ဤဓမ္မ ပဝတ္တနသုတ်ကို။ မေ-မယာ၊ အကျွန်ုပ် အာနန္ဒာတော် သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက် တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ ဝိဟရတိ၊ နေတော်မူ၏။ တဒါ၊ ထိုဣသိပတန မိဂဒါဝုန် တောဝယ်နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား သခင်သည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို အာမန္တေသိ၊ မိန့်တော်မူ၏။

---

## ၂-အယုတ်တရားနှစ်ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ ရဟန်းပြုသော သူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ-အန္တာ၊ ဤအယုတ် တရားအစုတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။

ဒွေအန္တာ၊ ရဟန်းတို့ မမှီဝဲအပ်ကုန်သော အယုတ်တရားနှစ်ပါးအစုတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။

(၁) ဟီနော၊ ယုတ်သော။ ဂါမ္မော*၊ ရွာသူတို့၏ ဥစ္စာဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇ္ဇန်တို့၏ အလေ့အကျက်ဖြစ်သော။ အနရိယော၊ အရိယာတို့၏ဥစ္စာမဟုတ်သော။ အနတ္ထသံဟိတော၊ စီးပွားချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော။ ကာမေသု၊ တောဘုမ္မကတရားတည်းဟူသော ဝတ္ထုကာမတို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ဆန္ဒရာဂ တည်းဟူသော ကိလေသာကာမနှင့် ယှဉ်သောချမ်းသာကို အဘန်တလဲလဲ ခံစားခြင်းဟုဆိုအပ်သော။ ယောစာယံ-ယောစအယံ-အန္တော၊ အကြင်အစုသည်ရှင်း။

(၂) ဒုက္ခော၊ ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်းစသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော။ အနရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ ဥစ္စာဖြစ်သော။ အနတ္ထသံဟိတော၊ စီးပွားချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်သော။ အတ္တကိလမထာနုယောဂေါ၊ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဘန် တလဲလဲ ဖြစ်စေ တတ်သော။ ယောစာယံ-ယောစ အယံ-အန္တော၊ အကြင်အစု သည်ရှင်း။ ဒွေအန္တာ၊ အယုတ်တရားနှစ်ပါးအစု မည်ကုန်၏။

---

## ၃ - အလယ်အလတ်အကျင့်တရား

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေခေါ-ဥဘောအန္တေ၊ ထိုကာမသုခလ္လိကာနု ယောဂ, အတ္တကိလမထာ နုယောဂ ဟူသော

အယုတ်တရား နှစ်ပါးအစုတို့ကို။ အနုပဂမ္မ၊ မကပ်မူ၍။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကိုပြုတတ်သော။ မဇ္ဈိမာ၊ ကာမသုခလ္လိကာနုယောဂ သဿတဒိဋ္ဌိ ဟူသော တခုသော အစု၊ အတ္တကိလမထာနုယောဂ ဥစ္ဆေဒဒိဋ္ဌိ ဟူသော တခုသော အစု၏ အလယ်၌ဖြစ်သော။ ပဋိပဒါ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသော သူတို့သည် ကျင့်အပ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသနိဗ္ဗာန်အကျိုးငှာ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှာ။ နိဗ္ဗာနာယ၊ အနု-ပါဒိသေသနိဗ္ဗာန်အကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကိုပြုတတ်သော။ ယာ မဇ္ဈိမာပဋိပဒါ၊ အကြင်အလယ်ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသနိဗ္ဗာန်အကျိုးငှာ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ- နိဗ္ဗာန်အကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။

သာ–မဇ္ဈိမာပဋိပဒါ၊ ထိုအလတ်ဖြစ်သော အကျင့်သည်။ ကတမာစ၊ အဘယ်နည်း။

အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝ–မဂ္ဂေါ၊ ဤမဂ်လျှင်တည်း။

ဣဒံ–မဂ္ဂင်္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာ–ကတမံ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။

ဣဒံ–ဓမ္မဇာတံ၊ ဤရှစ်ပါးသော သဘောတရားသည်။ မဂ္ဂင်္ဂံ၊ မဂ္ဂင်မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ အယံခေါသာ–မဇ္ဈိမာပဋိပဒါ၊ ဤမဂ္ဂင် ရှစ်ပါးတည်းဟူသော အလတ်ဖြစ်သောအကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်း

ခြင်းတည်းဟူသော သဥပါဒိသေသ နိဗ္ဗာန် အကျိုး၄-ပါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်း၄-ပါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်း၄-ပါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသနိဗ္ဗာန်အကျိုး၄-ပါ။ သံဝတ္တတိ၊ ဖြစ်၏။

---

## ၄-ဒုက္ခသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့....။

(၁) ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။

(၂) ဇရာပိ၊ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော်ခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။

(၃) ဗျာဓိပိ၊ ဖျားနာ ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။

(၄) မရဏံပိ၊ သေရခြင်း သည်လည်း။ ဒုက္ခံ၊ ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။

(၅) အပ္ပိယေဟိ၊ မချစ်မနှစ် လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွပေါင်း ယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။

(၆) ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းကင်းကွာ ရှဲခွါဖဲကြဉ် မပေါင်းယှဉ် ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။

(၇) ယံပိစ္ဆံ၊ အကြင်ပဋိသန္ဓေ နေရခြင်း စသော သဘော တရား ငါ့အားမဖြစ်ပါမူ ကောင်းလေစွ စသည် ဖြင့် တောင့်တခြင်းကို။ နလဗ္ဘတိ*၊ မရအပ်။ တံပိ၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

(၈) သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန် သော။ ဥပါဒါနက္ခန္ဓာပိ*၊ ဥပါဒါန်၏ အာရုံ ဖြစ် သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ဣဒံ ခေါ ပန-ဓမ္မဇာတံ၊ ဤဇာတိ အစရှိသော တရား သည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

---

## ၅-သမုဒယသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ ယာယံ-တဏှာ၊ အကြင်လောဘ သည်။ ပေါနောဗ္ဘဝိကာ၊ တဘန်ဘဝသစ်ကို ဖြစ်စေတတ် သော အလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်ခြင်း, တပ်ခြင်း ဖြစ်၍ဖြစ်၏။ တတြတတြ၊ ထိုထိုကိုယ်၏ အဖြစ်, ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။ ဣဒံ-သော တဏှာ၊ ဤတဏှာသည်။ သေယျထာ-ကတမာ၊ အဘယ်နည်း။

(၁) ကာမတဏှာ၊ ရူပါရုံစသော ဝတ္ထုကာမကို တပ်တတ် သော တဏှာလည်းကောင်း။

(၂) ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာ လည်းကောင်း။

(၃) ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာ လည်းကောင်း။

ဣဒံ ခေါ ပန-ဓမ္မဇာတံ၊ ဤတဏှာဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

---

## ၆-နိရောဓသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ-တဏှာယ၊ ထိုကာမတဏှာစသည်ဖြင့် ဝေဘန်အပ်သော လောဘ၏ သာလျှင်။

(၁) ယော-အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်းမဲ့ တပ်ခြင်းကင်းရာ, ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။

(၂) ယော-စာဂေါ၊ အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်။

(၃) ယော-ပဋိနိဿဂ္ဂေါ၊ အကြွင်းဝေးစွာ စွန့်ရာဖြစ်သော နိဗ္ဗာန်သည်။

(၄) ယော-မုတ္တိ၊ အကြွင်းလွတ်ရာဖြစ်သော နိဗ္ဗာန်သည်။

(၅) ယော-အနာလယော၊ အကြွင်းကပ်ငြိခြင်း ကင်းရာ ဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ၇-မဂ္ဂသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ အရိယော၊ မြတ်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ၈-ပါးနှင့်ပြည့်စုံ၏။

ဣဒံ–မဂ္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာ–ကတမံ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) သမ္မာသတိ၊ကောင်းစွာအောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

ဣဒံခေါပန–ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး တရားသည်လျှင်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

---

## ၈–ဒုက္ခသစ္စာ၌ သစ္စဉာဏ်

သစ္စာလေးပါးကို သရုပ်အားဖြင့် ပြတော်မူပြီး၍ ဤသစ္စာလေးပါး၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်–ဟူသော အပြန်သုံးပါးကို ပြတော်မူခြင်းငှာ "ဣဒံ ဒုက္ခံ"အစရှိသော ဒေသနာတော်ကို မိန့်တော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့....။

ဣဒံ၊ ဤတဏှာကြဉ်သော တေဘူမက တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ–မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဖူး ကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ ဒုက္ခသစ္စာကိုသိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

ပညာ၊ ဇာတိဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်းရှားဖြစ်၏။

ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်း တတ်သောမောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား-ဒုက္ခသစ္စာ၌ သစ္စဉာဏ်]

---

## ၉-ဒုက္ခသစ္စာ၌-ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

တံခေါပနိဒံ-ဒုက္ခံအရိယသစ္စံ၊ ထိုဒုက္ခ ဖြစ်သော အရိယသစ္စာကို။ ပရိညေယျံ၊ ဤတရားကား ဒုက္ခ တည်း, ဤဒုက္ခကားဤမျှသာတည်း, ဤထက်အလွန် ဤမှအောက် အယုတ်မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား ၍ သိအပ်၏။

ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား ဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန် သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ပညာ၊ ဇာတိ ဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်။]

---

## ၁၀—ဒုက္ခသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

တံ ခေါ ပနိဒံ – ဒုက္ခံအရိယသစ္စံ၊ ထိုဒုက္ခဖြစ်သော အရိယ သစ္စာကို။ ပရိညာတံ၊ ဤတရားကား ဒုက္ခ တည်း, ဤဒုက္ခကား ဤမျှသာတည်း, ဤတက်အလွန် ဤမှအောက် အယုတ်မရှိဟု ထက်ဝန်းကျင် ပိုင်းခြား၍ သိအပ်ပြီ။

ဣတိ၊ ဤသို့။ မေ–မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား ဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

ပညာ၊ ဇာတိ ဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်း တတ်သောမောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား-ဒုက္ခသစ္စာ၌ ကတဉာဏ်]

---

### ၁၁-သမုဒယသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

ဣဒံ၊ ဤတဏှာဟူသော လောဘသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။

ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ သမုဒယသစ္စာကိုသိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ အခြင်းအရာအား ဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးပါး၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗ-တဏှာ, ဓမ္မတဏှာဟူ၍ အာရုံအားဖြင့် တဆယ့်ရှစ်ပါး၊ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် အားဖြင့် သုံးဆယ့်ခြောက်ပါး၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားရှိ၏။

အာလောကော၊ သမုဒယ သစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား-သမုဒယသစ္စာ၌ သစ္စဉာဏ်]

---

### ၁၂-သမုဒယသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

တံခေါပနိဒံ-ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟာတဗ္ဗံ၊ ဣဋ္ဌ,ဝိစိကိစ္ဆာ သမ္မယုတ်ကို သောတာပတ္တိ မဂ်ဖြင့်၊ ကာမရာဂကို အနာဂါမိမဂ်ဖြင့်၊ ရူပရာဂ, အရူပရာဂကို အရဟတ္တမဂ်ဖြင့် ပယ်အပ်၏။

ဣတိ၊ဤသို့။ မေ-မယှာ၊ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ **သစ္စာတရားတို့၌။**

စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ သမုဒယသစ္စာကိုသိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ အခြင်းအရာအား ဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးပါး၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗ တဏှာ, ဓမ္မတဏှာဟူ၍ အာရုံအားဖြင့် တဆယ့်ရှစ်ပါး၊ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်အားဖြင့်သုံးဆယ့်ခြောက်ပါး၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ သုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ သမုဒယသစ္စာကိုထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ သမုဒယ သစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား-သမုဒယသစ္စာ၌ ကိစ္စဉာဏ်]

---

### ၁၃-သမုဒယသစ္စာ၌ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

တံ ခေါ ပနိဒံ-ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုဒုက္ခ ၏အကြောင်း ဖြစ်သော အရိယာသစ္စာကို။ ပဟီနံ၊ မဂ်လေးပါးဖြင့် အကြွင်းမဲ့ ပယ်အပ်ပြီ။

ဉာတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ သမုဒယသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ပညာ၊ တရားကိုယ်အားဖြင့်တပါး၊ အခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးပါး ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာဟူ၍ အာရုံအားဖြင့် တဆယ့်ရှစ်ပါး၊ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ သမုဒယသစ္စာကိုထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်း တတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား သမုဒယသစ္စာ၌ ကတညာဏ်။]

H 315—3 [ဟံသာဝတီ] (အဋ္ဌမအကြိမ်)

## ၁၄–နိရောဓသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။

ဣတိ၊ ဤသို့။ မေ–မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ နိရောဓသစ္စာကိုသိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ပညာ၊ တရားကိုယ်အားဖြင့်တပါး၊သဥပါဒိသေသ, •အနုပါဒိသေသအားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတအားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်း တတ်သော မောဟ ဟုဆိုအပ်သော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား နိရောဓသစ္စာ၌ သစ္စဉာဏ်။]

## ၁၅–နိရောဓသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

တံခေါ ပနိဒံ– ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာ ဖြစ်သော အရိယ သစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏။

ဣတိ၊ ဤသို့။ မေ–မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သောပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ နိရောဓသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ပညာ တရားကိုယ်အားဖြင့်တပါး၊ သဉပါဒိသေသ, အနုပါဒိသေသအားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ အားဖြင့်သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်း တတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား–နိရောဓသစ္စာ၌ ကိစ္စဉာဏ်။]

## ၁၆-နိရောဓသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

တံခေါ ပနိဒံ-ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်ပြီ။ ဘာဝိတံ၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီ။

ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု မကြားစဘူး ကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ နိရောဓသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ သဥပါဒိသေသ, အနုပါဒိသေသအားဖြင့်နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတအားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ နိရောဓ သစ္စာကို ဖုံးလွှမ်း တတ်သော မောဟကညင်းဟူသော အမိုက်တိုက်ကို ဖျက်ဆီး တတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[[illegible] :-နိရောဓသစ္စာ၌ ကတဉာဏ်။]

## ၁၇-မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

ဣဒံ၊ ဤမဂ္ဂင် ရှစ်ပါးသည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။

ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ဘုရား ဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ မဂ္ဂသစ္စာကိုသိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ပညာ၊ သမ္မာဒိဋ္ဌိ စသည်ကို အပြားအားဖြင့် သိခြင်း သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား-မဂ္ဂသစ္စာ၌ သစ္စဉာဏ်။]

## ၁၈–မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ရဟန်းတို့....။

တံခေါ ပနိဒံ–ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယ သစ္စံ၊ ထိုဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယ သစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။

ဣတိ၊ ဤသို့။ မေ–မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ဘုရား ဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

ပညာ၊သမ္မာဒိဋ္ဌိ စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်း တတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား–မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်။]

## ၁၉–မဂ္ဂသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့....။

တံခေါ်ပနိဒံ–ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယ သစ္စံ၊ ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝိတံ၊ ပွားစေ အပ်ပြီ။

ဣတိ၊ ဤသို့။ မေ–မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား ဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။

စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ပညာ၊ သမ္မာဒိဋ္ဌိ စသည်ကို အပြားအားဖြင့် သိခြင်း သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ဤကား–မဂ္ဂသစ္စာ၌ ကတဉာဏ်]

## ၂၀–ရှေးကဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ဘိက္ခဝေ၊ ရဟန်းတို့....။ ယာဝကီဝဉ္စ–ယတ္တကံကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဣမေသု–စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း ကြည်လင် စင်ကြယ်သည်။ န အဟောသိ၊ မဖြစ်သေး။

ဘိက္ခဝေ၊ ရဟန်းတို့။ တာဝ–တတ္တကံ ကာလံ၊ ထိုဉာဏ်အမြင် မစင်ကြယ်သေးသမျှကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရနတ်ပြည် ငါးထပ်နှင့်တကွသော။ သမာရကေ၊ ဝသဝတ္တီ နတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွသော။ လောကေ၊ ဩကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း, ကြွင်းသောလူနှင့် တကွသော။ ပဇာယ၊ သတ္တဝါလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ ဣတိ၊ ထိုးထွင်း၍ သိပြီဟူ၍။ နေဝ ပစ္စညာသိံ၊ ဝန်ခံတော်မမူသေး။

## ၂၁-ယခုမှဘုရားဖြစ်ကြောင်းဝန်ခံပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ယတော စခေါ-ယဒါ ကာလေ၊ အကြင်အခါ၌ကား။ ဣမေသု-စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စ-ဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးသောအပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ အလွန်သန့်ရှင်း ကြည်လင် စင်ကြယ်သည်။ အဟောသိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အထ-တသ္မိံ ကာလေ၊ ထိုဉာဏ်အမြင်စင်ကြယ်စွာ ဖြစ်သောအခါ၌။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရနတ်ပြည် ငါးထပ်နှင့် တကွသော။ သမာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့်တကွသော။ လောကေ၊ ဩကာသလောက၌။ သဿမဏ ဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့် တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသော မင်း, ကြွင်းသော လူနှင့်တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍ သိပြီဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။

## ၂၂-ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိမြင်ပုံ

မေ၊ ငါ့အား။ ဉာဏဉ္စပန-ဒဿနံ၊ ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ မေ၊ ငါ၏၊ စေတော

ဝိမုတ္တိ*၊ အရဟတ္တဖိုလ်ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားတို့သည်မဖျက်ဆီးအပ်။ အယံ၊ ဤကိုယ်၏ အဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊ အဖြစ်တည်း။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဘန်ဘဝသစ်၌ ဖြစ်ခြင်းသည်။ နတ္ထိ မရှိပြီ။ ဣတိ-ဉာဏဒဿနံ၊ ဤသို့သော ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

---

## ၂၃-ပဉ္စဝဂ္ဂီရဟန်းတို့တရားကို နှစ်သက်ကြပုံ

ဘဂဝါ၊ မြတ်စွာဘုရားသည်။ဣဒံ-ဝစနံ၊ ဤ "ဒွေမေဘိက္ခဝေ" စသောစကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ နှစ်လိုဝမ်းမြောက် ကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရား တော်ကို။ အဘိနန္ဒုံ၊ သာဓု-သာဓု-ဟု ရိုသေစွာ ဦးဖြင့် ခံကုန်၏။

---

## ၂၄-အရှင်ကောဏ္ဍညသောတာပန်ဖြစ်ပုံ

ဣမသ္မိံ စပန- ဝေယျာကရဏသ္မိံ၊ ဤဂါထာမဘက်သက် သက်သော အမေးအဖြေဖြစ်သော ဗျာကရိုဏ်းကို။ ဘညမာ နေ၊ ဟောတော်မူအပ်သည်ရှိသော။ အာယသ္မတော၊ ရှည် သောသက်တော်ရှိသော။ ကောဏ္ဍညဿ၊ ကောဏ္ဍညထေရ် အား။ ဝိရဇံ၊ အပါယ်သို့လားစေတတ်သော ရာဂအစရှိသော မြူမှုကင်းသော။ ဝီတမလံ၊ အကြွင်းမရှိ ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်သဖြင့် ကင်းသော အညစ်အကြေး ရှိသော။ ဓမ္မစက္ခုံ၊

သစ္စာလေးပါးတရားကို မြင်တတ်သော သောတာပတ္တိမဂ် ဉာဏ်တည်းဟူသော မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ယံကိဉ္စိ၊ အလုံးစုံသော တောဘူမ္မကတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံ-သဗ္ဗံ၊ ထိုဖြစ်ခြင်း သဘောရှိသော တရားဟူသမျှသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်း သဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

---

## ၂၅-နတ်ဗြဟ္မာတို့ကောင်းချီးပေးပုံ

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတေစပန၊ ဟောတော်မူအပ်သည် ရှိသော်ကား။ ဘူမာဒေဝါ*၊ ဘူမစိုးနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန် သနည်း။

ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိသမဏေန ဝါ၊ တစုံတယောက်သော ရဟန်း သည် ၎င်း။ ကေနစိ ဗြာဟ္မဏေ နဝါ၊ တစုံတယောက်သော ပုဏ္ဏား သည် ၎င်း။ ကေနစိ ဒေဝေန ဝါ၊ တစုံတယောက်သော နတ်သည်၎င်း။ ကေနစိ မာရေန ဝါ၊ တစုံတယောက်သော မာရ်သည်၎င်း။ ကေနစိဗြဟ္မုနာ ဝါ၊ တစုံတယောက်သော ဗြဟ္မာသည်၎င်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင်, မဟောနိုင်

သော။ အနုတ္တရ၊ အတုမရှိသော။ တော်–ဓမ္မစက္က၊ ဤဓမ္မ
စကြာတရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။

ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်
ကုန်၏။

ဘုမ္မာနံဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး
ပေးသောအသံကို။ သုတွာ ကြားကုန်၍။ စာတုမဟာရာဇိ
ကာ ဒေဝါ၊ စာတုမဟာရာဇ်နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီး
ပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ကြွေးကြော်
ကုန်၏။

စာတုမဟာရာဇိကာနံဒေဝါနံ၊ စာတုမဟာရာဇ် နတ်တို့၏။
သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။
တာဝတိံသာ ဒေဝါ၊ တာဝတိံသာ နတ်တို့သည်။ သဒ္ဒံ၊
ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့်ကြွေး
ကြော်ကုန်၏....။

တာဝတိံသာနံဒေဝါနံ၊ တာဝတိံသာ နတ်တို့၏။ သဒ္ဒံ၊
ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကုန်၍။ ယာမာ
ဒေဝါ၊ ယာမာနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။
အနုဿာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏....။

ယာမာနံဒေဝါနံ၊ ယာမာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး
ပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ တုသိတာ ဒေဝါ၊
တုသိတာနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။
အနုဿာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏....။

တုသိတာနံဒေဝါနံ၊ တုသိတာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး
ပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ နိမ္မာနရတီဒေဝါ

နိမ္မာနရတိနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ကြေးကြော်ကုန်၏....။

နိမ္မာနရတိနံဒေဝါနံ၊ နိမ္မာနရတိနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ ပရိနိမ္မိတ ဝသ-ဝတ္တီဒေဝါ၊ ပရနိမ္မိတ ဝသဝတ္တီနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြေးကြော်ကုန်၏....။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ၊ ပရနိမ္မိတ ဝသဝတ္တီနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ ဗြဟ္မကာယိကာ၊ ဗြဟ္မာပြည်၌ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့်ကြေးကြော်ကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြေးကြော်ကုန်သနည်း။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန် တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိ၊ တစုံတယောက်သော။ သမဏေနဝါ၊ ရဟန်းသည်ရင်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်ရင်း။ ဒေဝေနဝါ၊ နတ်သည်ရင်း။ မာရေနဝါ၊ မာရ်သည်ရင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်ရင်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင် မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ တံ-ဓမ္မစက္ကံ၊ ဤဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။

ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက် ကြေးကြော်ကုန်၏။

တေနခဏေန၊ ထိုခဏဖြင့်။ တေနလယေန၊ ထိုလယဖြင့်။ တေနမုဟုတ္တေန၊ ထိုမုဟုတ်ဖြင့်။ ယာဝဗြဟ္မလောကာ၊ အထက် အကနိဋ္ဌ ဗြဟ္မာ့ပြည် တိုင်အောင်။ သဒ္ဒေါ၊ ကျော်စော သောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ*၊ နှံ့၍တက်၏။

## ၂၆-တသောင်းသော လောကဓာတ်တုန်လှုပ်ပုံ

အယဥ္စ-ဒသသဟဿီ လောကဓာတု၊ ဤတသောင်းသော လောကဓာတ် စကြာဝဠာသည်လည်း။ သံကမ္ပိ၊ သက်၍သက်၍ လှုပ်၏။ သမ္ပကမ္ပိ၊ တက်၍တက်၍လှုပ်၏။ သမ္ပဝေဓိ၊ ထိုမှဤမှ အေးယာဉ်ကဲ့သို့လှုပ်၏။

## ၂၇-အရောင်အလင်းဖြစ်ပေါ်လာပုံ

အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသောစ၊ ဒေသနာဉာဏ်ကြောင့်ဖြစ်သော အရောင်အလင်းသည်လည်း။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်, ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်, ဗြဟ္မာတို့၏အာနုဘော်ကို။ အတိက္ကမ္မ၊ သာလွန်၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။

## ၂၈-မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဒါနံ*၊ ဝမ်းမြောက်သောစကားကို။ ဥဒါနေသိ၊ တသောင်းတိုက် သား ကြားသိအောင် မြွက်ဆိုတော်မူ၏။ ကိံ-ဥဒါနေသိ၊ အဘယ်သို့မြွက်ဆိုတော်မူသနည်း။

ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍည သည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိ

လေပြီ။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကိုသိလေပြီ။

ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်ဆိုတော်မူ၏။

ဣတိဟိ–ဣတိဧဝ၊ ဤသို့ဥဒါန်းကျူးတော်မူသောကြောင့်သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍညအား။ အညာသိကောဏ္ဍညောတွေဝ၊ အညာသိကောဏ္ဍညဟူ၍သာလျှင်။ဣဒံ–နာမံ၊ ဤအမည်သည်။ အဟောသိ၊ ဖြစ်၏။

---

## ၂၉–အညာသိ ကောဏ္ဍည ရှင်ရဟန်းအဖြစ်တောင်းပုံ

အထခေါ၊ ထိုသောတာပန်ဖြစ်ပြီးသောအခါ၌။ အာယသ္မာအညာသိကောဏ္ဍညော၊ အရှင်အညာသိ ကောဏ္ဍညသည်။

ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။

ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။

ဝိဒိတဓမ္မော၊ သိအပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။

ပရိယောဂါဠ္ဟဓမ္မော၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။

တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော တဆယ့်ခြောက်ပါးသော ယုံမှားခြင်း, ရှစ်ပါးသောယုံမှားခြင်းရှိသည်ဖြစ်၍။

ဝိဂတကထံကထော၊ သို့လော သို့လော တွေးတော ယုံမှားခြင်းကင်းသည် ဖြစ်၍။

သတ္ထု သာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည် ဖြစ်၍။

အပရပ္ပစ္စယော၊ ကိုယ်တိုင် မျက်မှောက် သိမြင် အပ်သောကြောင့် သူတပါး တို့အား ယုံကြည်ခြင်း မဖြစ်မူ၍။

ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ-ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်၏။

ကိံ-အဝေါစ၊ အဘယ်သို့လျှောက်သနည်း။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဥပသမ္ပဒံ၊ ပဉ္စင်း၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

---

## ၃၀-ဧဟိဘိက္ခုရဟန်းဖြစ်ပုံ

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဓမ္မော၊ တရားတော်ကို သွာက္ခာတော၊ ကောင်းစွာဟောအပ်ပြီ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ အထက် မဂ်သုံးပါး တည်းဟူသော မြတ်သော အကျင့်ကို။ စရ၊ ကျင့်လော့။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ တဿ–အာယသ္မတော၊ ထိုအရှင် အညာသိ ကောဏ္ဍညအား။ သာဝ–ဥပသမ္ပဒါ၊ ထိုပဟိဘိက္ခု ပဉ္စင်း အဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

ဓမ္မစက္ကပဝတ္တနသုတ္တံ၊ ဓမ္မစက္ကပဝတ္တနသုတ်သည်။
နိဋ္ဌိတံ၊ အပြီးသို့ရောက်ပြီ။

[ဝါဆိုလပြည့်နေ့ အရှင် ကောဏ္ဍညထေရ် သောတာပန်ဖြစ်သည်။ လပြည့်ကျော် တရက်နေ့ ဝပ္ပထေရ် သောတာပန်ဖြစ်သည်။ နှစ်ရက်နေ့ ဘဒ္ဒိယထေရ် သောတာပန်ဖြစ်သည်။ သုံးရက်နေ့ မဟာနာမထေရ် သောတာပန်းဖြစ်သည်။ လေးရက်နေ့ အဿဇိထေရ် သောတာပန်ဖြစ်သည်၊ ငါးရက်နေ့ အနတ္တလက္ခဏာသုတ်ကို ဟော၍ ငါးပါးလုံး ရဟန္တာချည်းဖြစ်ကုန်၏။]

---

## နိဂုံး

ဣတိ မဟာဂန္ဓကာဝါသနိဝါသိနာ မဟာထေရေန ရစိတော ဓမ္မစက္ကပဝတ္တနသုတ္တ နိဿယော–

သဟဿ သတ နဝုတိ၊ စတုဝဿမှိ သာဝဏေ။
ပုဏ္ဏမေ ပုရေ ဘတ္တမှိ၊ ပဟာရေကမှိ သောရိယေ။

ဣတိ–ဣမိနာ အနန္တရမေန၊ ဤသို့သော သဒ္ဒါအစဉ်, အနက်အစဉ်ဖြင့်။ မဟာဂန္ဓကာဝါသနိဝါသိနာ၊ မဟာအောင် မြေဘုံစံ အုတ်ကျောင်းတော်၌ သီတင်းသုံးနေသော။ မဟာ ထေရေန၊ စက္ကိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇ

ဂုရု-မဟာထေရ်သည်။ ရစိတော၊ ဧရေးစီရင်အပ်သော။ မမ္မစက္ကပဝတ္တန သုတ္တနိဿယော၊ မမ္မစက္ကပဝတ္တနသုတ်၏ နိဿယသည်။ သဟဿသတနဝုတိစတုဝဿမှိ၊ သက္ကရာဇ် ၁၁၉၄-ခုနှစ်၌။သာဝဏေ၊ နံကာလ၌။ ပုဏ္ဏမေပုရေဘတ္တမှိ၊ လပြည့်နေ့ နံနက်။ ပဟာရကမ္ဘိသောရိယေ၊ စနေနေ့ တချက်တီးအချိန်၌။ နိဋ္ဌိတော၊ ပြီးခြင်းသို့ရောက်၏။

သရာတော် ဦးဗုဒ်၏

မမ္မစကြာသုတ် နိဿယပြီး၏။

လယ်တီဆရာတော်

# ဓမ္မစကြာသုတ်

နိဿယသစ်

လယ်တီဆရာတော်

# ဓမ္မစကြာသုတ်နိဿယသစ်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ၁ – ဓမ္မစကြာနိဒါန်း

ဘန္တေ၊ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဘုရား။ မေ၊ အကျွန်ုပ်အာနန္ဒာသည်။ ဧဝံ၊ ဤသို့ လျှောက်ထား လတ္တံ့ သောအတိုင်း။ ဘဂဝတော၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ သမ္မုခါ၊ ဆည်းကပ် ခရောက် ထံတော် မှောက်မှ။ သုတံ၊ ကိုယ်တိုင်သုတ ကြားလိုက်ရ ပါသည် ဘုရား။

ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ ဘုန်တော်ကြီး သော မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီနေ ပြည်တော်ကြီး၏အနီး၌။ ဣသိပတနေ၊ ရှေးခါခေတ်ဟောင်း ရသေ့သူမြတ်အပေါင်းတို့၏ သက်ဆင်းရာဖြစ်သော။ မိဂဒါယေ၊ သားသမင်အပေါင်းတို့ကို ဘေးမဲ့ ပေး၍ မွေးရာဖြစ် သော မိဂဒါဝုန်တောကြီး၌။ ဝိဟရတိ၊ သီတင်းသုံးနေတော် မူ၏။ တတြခေါ၊ ထိုသို့ သီတင်းသုံးနေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊ ကောဏ္ဍညအမှူး ငါးဦးအစုအဝေး ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ ခေါ်တော်မူ၏။

## ၂-အယုတ်တရားနှစ်ပါး

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပဗ္ဗဇိတေန၊ သာသနာ တော်ထမ်း ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည်။ ဒွေ၊ နှစ်ပါး ကုန်သော။ ဣမေ-အန္တာ၊ အစွန်းသမုတ် အယုတ်ခေါ်ငြား ဤတရားတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။

ဒွေ အန္တာ၊ အစွန်းအယုတ်ဟု သမုတ်အပ် ကုန်သော တရားနှစ်ပါးတို့သည်။ ကတမေ၊ အဘယ်တရားတို့နည်း။

(၁) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဟီနော၊ ယုတ်မာ သော။ ဂမ္မော၊ ရွာသူရွာသား, မြို့သူမြို့သား တို့၏ လက်ကိုင်ဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇဉ် သတ္တဝါတို့၏ အလေ့အမူအရာ ဖြစ်သော။ အန ရိယော။ အရိယာ ပုဂ္ဂိုလ်တို့နှင့် မဆိုင် သော။ အနတ္ထသံဟိတော၊ အကျိုး တစုံတရာနှင့်မျှမစပ် ယှဉ်သော။ ကာမေသု၊ လောကီအာရုံ ကာမဂုဏ် တို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ကာမချမ်း သာကို သာယာတံငြား လိုက်စားအားထုတ်မှုဟု ဆိုအပ်သော။ ယောစာယံ-အန္တော၊ အကြင် အစွန်းသမုတ် အယုတ်တရား မျိုးသည်လည်း။ အတ္ထိ၊ ရှိလေ၏။

(၂) ဒုက္ခော၊ ကိုယ်ချမ်းသာမဘက် ဆင်းရဲမှုသက်သက် မျှသာ ဖြစ်သော။ အနရိယော၊ အရိယာပုဂ္ဂိုလ် တို့နှင့်မဆိုင်သော။ အနတ္ထသံဟိတော၊ အကျိုး တစုံတရာနှင့် မစပ်ယှဉ်သော။ အတ္တကိလမထာ နုယောဂေါ၊ နေပူ, မီးလှုံ, ဆူးပုံ၌အိပ်ခြင်း

အစရှိသည့် မိမိကိုယ် ပင်ပန်းအောင် သာလွန်စွာ ကြိုးပမ်းလေ့ ရှိသော။ ယောစာယံ-အန္တော၊ အကြင်အစွန်းသမုတ် အယုတ်တရား မျိုးသည် လည်း။ အတ္ထိ၊ ရှိလေ၏။

---

## ၃-အလယ်အလတ်အကျင့်တရား

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ဥဘော၊ နှစ်ပါးကုန်သော။ တေ-အန္တေ၊ ထိုအစွန်းသမုတ် အယုတ် တရားတို့ကို။ အနုပဂမ္မ၊ မကပ်မရောက်မူ၍။ တထာဂတေန၊ ငါဘုရားသည်။ ယာ-မဇ္ဈိမာပဋိပဒါ၊ အကြင် အလယ် လမ်းဟု ဆိုအပ်သော အကျင့်မြတ်ကို။ အဘိသမ္ဗုဒ္ဓါ၊ သဗ္ဗညုတဉာဏ်တော် အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ် လေပြီ။ သာ-မဇ္ဈိမာပဋိပဒါ၊ ထိုအလယ်လမ်းဟု ဆိုအပ် သော အကျင့်မြတ်သည်။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိ ကိုလည်း ပြုပြင်စီရင်တတ် ပေ၏။ ဉာဏကရဏီ၊ အသိဉာဏ် ပွင့်လင်းမှုကိုလည်း ပြုပြင် စီရင်တတ်ပေ၏။ ဥပသမာယ၊ ကိလေသာမီး အငြိမ်းချုပ် ငြိမ်းစေခြင်းငှာ။ အဘိညာယ၊ ဉာဏ်ကွန့်မြူး၍ အထူး သိစေ ခြင်းငှာ။ သမ္ဗောဓာယ၊ မဘောက်မပြန် မှန်ကန်ကောင်းမွန် စွာသိစေခြင်းငှာ။ နိဗ္ဗာနာယ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ၍ ဇာတ်သိမ်းစေခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တထာဂတေန၊ ငါဘုရား သည်။ ယာ-မဇ္ဈိမာ ပဋိပဒါ၊ အကြင်အလယ်လမ်းဟု ဆို အပ်သော အကျင့်မြတ်ကို။ အဘိသမ္ဗုဒ္ဓါ၊ သဗ္ဗညုတ ဉာဏ်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ။ ယာ-

မဇ္ဈိမာ ပဋိပဒါ၊ အကြင် အလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်သည်။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိကိုလည်း ပြုပြင် စီရင်တတ်ပေ၏။ ဉာဏကရဏီ၊ အသိဉာဏ် ပွင့်လင်းမှုကိုလည်း ပြုပြင်စီရင်တတ်ပေ၏။ ဥပသမာယ၊ ကိလေသာမီး အငြိမ်းချုပ်ငြိမ်းစေခြင်းငှာ။ အဘိညာယ၊ ဉာဏ်ကွန့်မြူး၍ အထူးသိစေခြင်းငှာ။ သမ္ဗောဓာယ၊ မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ။ နိဗ္ဗာနာယ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

သာ-မဇ္ဈိမာ ပဋိပဒါ၊ ထိုအလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်သည်။ ကတမာစ၊ အဘယ်နည်း။

အရိယော၊ အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝ- မဂ္ဂေါ၊ ဤမဂ္ဂင်ရှစ်ပါးတရားသည် ပင်လျှင်တည်း။

ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါး တရားဟူသည်။ သေယျထာ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာပြောဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုလုပ်ခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။
(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အယံခေါသော-မဇ္ဈိမာ ပဋိပဒါ၊ ဤအလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်ကို။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိတော်မူအပ်လေပြီ။ အယံခေါသော- မဇ္ဈိမာ ပဋိပဒါ၊ ဤအလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်သည်။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိကိုလည်း ပြုပြင်စီရင်တတ်ပေ၏။ ဉာဏကရဏီ၊ အသိဉာဏ်ပွင့်လင်းမှုကိုလည်း ပြုပြင် စီရင်တတ်ပေ၏။ ဥပသမာယ၊ ကိလေသာမီး အပြီးချုပ်ငြိမ်းစေခြင်းငှာ။ အဘိညာယ၊ ဉာဏ်ကန့်မြူး၍ အထူးသိစေခြင်းငှာ။ သမ္ဗောဓာယ၊ မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ။ နိဗ္ဗာနာယ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

---

## ၄-ဒုက္ခသစ္စာ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံ ခေါပန-ဒုက္ခံ၊ ဤဆင်းရဲခြင်းသဘောဟု ဆိုအပ်သော။ အရိယသစ္စံ၊ မဖောက်မပြန် မှန်ကန်သော အရိယသစ္စာတရားသည်။ အတ္ထိ၊ ရှိ၏။

(၁) ဇာတိပိ၊ အဘန်ဘန် ပဋိသန္ဓေ နေရမှုကြီးသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။

(၂) ဇရာပိ၊ အဘန်ဘန် အိုရမှုကြီး သည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။

(၃) ဗျာဓိပိ၊ အဘန်ဘန် နာရမှုကြီး သည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။

(၄) မရဏံပိ၊ အဘန်ဘန် သေရမှုကြီး သည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။
(၅) အပ္ပိယေဟိ၊ မချစ်မနှစ်သက် အပ်ကုန်သော သူတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းသင်း၍ နေရမှုကြီးသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။
(၆) ပိယေဟိ၊ ချစ်နှစ်သက်အပ် ကုန်သော သူတို့နှင့်၊ ဝိပ္ပယောဂေါ၊ ကွေးကွင်းခွဲခွါ၍ နေရမှုကြီး သည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။
(၇) ယံ-ပိစ္ဆံ၊ အကြင်တောင့်တခြင်း, အလိုရှိခြင်းကိုလည်း။ နလဘတိ၊ မရ။ တံပိ၊ ထိုလိုအင် ဆန္ဒဖြင့်တောင့်တတိုင်း မရမှုကြီးသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။
(၈) သံခိတ္တေန၊ အကျဉ်းချုပ် အားဖြင့်။ ပဥ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန်တရားတို့၏ စွဲလမ်းရာ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည်။ ဒုက္ခာ၊ ဆင်းရဲ အစစ်တို့သာတည်း

## ၅–သမုဒယသစ္စာ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံခေါပန-ဒုက္ခသမုဒယံ၊ ဤဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သော။ အရိယ သစ္စံ၊ မဘောက်မပြန် မှန်ကန်သော အရိယသစ္စာ တရားသည်။ အတ္ထိ၊ ရှိ၏။

ယာယံ တဏှာ၊ အကြင်သာယာနှစ်သက်မှုကြီးဟု ဆိုအပ်သော တဏှာမာတ်သည်။ ပေါနောဗ္ဘဝိကာ၊ ဘဝအသစ် အသစ်ကို တဘန်ဖြစ်စေတတ်သော သဘောရှိ၏။ နန္ဒီရာဂ

သဟဂတာ၊ နှစ်သက်ခြင်း, တပ်မက်ခြင်းဖြစ်၍နေ၏။ တတြ တတြာဘိနန္ဒိနီ၊ ထိုထိုအာရုံတို့၌ မြူးခုန်ပြေးလွှား ကျက်စား သာယာ၍နေ၏။

ဣဒံ၊ ဤတဏှာသည်။ သေယျထာ၊ အဘယ်နည်း။

(၁) ကာမတဏှာ၊ ကာမအာရုံတို့၌ – ခုံမင်တပ်မက်၍ နေသောတဏှာဟူသည်။

(၂) ဘဝတဏှာ၊ မြဲသည်ဟုအယူရှိ၍ သဿတဒိဋ္ဌိနှင့်ယှဉ် သောတဏှာဟူသည်။

(၃) ဝိဘဝတဏှာ၊ မမြဲဟုအယူရှိ၍ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ် သောတဏှာဟူသည်။

ဣဒံခေါပန– ဓမ္မဇာတံ၊ ဤတဏှာသဘော သုံးပါးပင် လျှင်တည်း။

---

## ၆ – နိရောဓသစ္စာ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံခေါပန–ဒုက္ခနိရောဓံ၊ ဤဒုက္ခ ခပ်သိမ်းတို့၏ ချုပ်ငြိမ်းမှု သဘောကြီးဖြစ်သော။ အရိယသစ္စံ၊ မဘောက်မပြန် မှန်ကန်သော အရိယသစ္စာ တရားသည်။ အတ္ထိ၊ ရှိ၏။ တဿာယေဝ–တဏှာယ၊ ထိုတဏှာ လောဘ၏သာလျှင်။

(၁) ယော – အသေသဝိရာဂ နိရောဓော၊ အကြွင်း အကြွမ်းမဲ့ ပယ်ပျောက် ချုပ်ဆုံးမှုသည်ဟူသည်။

(၂) ယော–စာဂေါ၊ အကြွင်း စွန့်လွှတ်မှုသည်ဟူသည်။

(၃) ယော–ပဋိနိဿဂ္ဂေါ၊ အကြွင်းဝေးစွာ စွန့်လွှတ်မှု သည်ဟူသည်။

(၄) ယာ-မုတ္တိ၊ အကြင် ကျွတ်လွတ် ထွက်မြောက်မှုသည်ရှင်း။
(၅) ယော - အနာလယော၊ အကြင် မငြိမကပ်မှုသည်ရှင်း။

ဣဒံခေါပန - ဓမ္မဇာတံ၊ ဤနိဗ္ဗာန် သဘောတရားကြီးပင်လျှင်တည်း။

---

## ၇-မဂ္ဂသစ္စာ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံခေါပန-ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊ ဤဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းမှု နိဗ္ဗာန်သို့ဆိုက်ရောက်ကြောင်း အကျင့်မြတ် သဘောကြီး ဖြစ်သော။ အရိယသစ္စံ၊ မဘောက်မပြန် မှန်ကန်သောအရိယသစ္စာတရားသည်။ အတ္ထိ၊ ရှိ၏။ အရိယော၊ အရိယာပုဂ္ဂိုလ်တို့၏လက်ကိုင်ဖြစ်၍ မြင့်မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝ-မဂ္ဂေါ၊ ဤမဂ္ဂင်ရှစ်ပါးတရားသည်ပင်လျှင်တည်း။

ဣဒံ၊ ဤဂ္ဂမင် ရှစ်ပါး တရားဟူသည်။ သေယျထာ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာပြောဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုလုပ်ခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။

(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။
ဣဒံ ခေါ၊ ဧ-ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး တရားအကျင့်လမ်းကြီးပင်လျှင်တည်း။

---

၈-ဒုက္ခသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဣဒံ၊ ဤတေဘုမ္မကဝဋ်တရားစုသည်။ ဒုက္ခံ၊ ဆင်းရဲစင်စစ် အမှန်ဖြစ်သော။ အရိယသစ္စန္တိ၊ အရိယသစ္စာကြီးတပါး-ဟူ၍။

မေ-မယာ၊ ငါဘုရားသည်၊ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီ ကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူးကုန်သော။ ဓမ္မေသု၊တရားအပေါင်းတို့၌။ စက္ခု၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်ပေါ်၍လာ၏။ ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍ လာ၏။ ပညာ၊ အနွံအပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။ ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။ အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင်အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[ဒုက္ခသစ္စာ၌ သစ္စဉာဏ်ပြီး၏။]

---

၉-ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဒုက္ခံ၊ ဆင်းရဲစင်စစ် အမှန်ဖြစ်သော။ တံခေါ၊ ဧ-ဣဒံ-အရိယသစ္စံ၊ ဤအရိယသစ္စာတရားကို။ ပရိညေ

ယ,,ဿုတ္တိ၊ ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိအပ် သိထိုက်၏-ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီ ကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဖူးကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍ လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် ပြီး၏။]

---

## ၁၀-ဒုက္ခသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဒုက္ခ၊ ဆင်းရဲစင်စစ် အမှန်ဖြစ်သော။တံခေါ်ပန္နဒံ-အရိယသစ္စံ၊ ဤအရိယသစ္စာတရားကို။ ပရိညာတန္တိ၊ ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိခြင်းကိစ္စ ပြီးစီးလေပြီ-ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူးကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အန္တံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်း သိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[ဒုက္ခသစ္စာ၌ ကတဉာဏ်ပြီး၏။]

---

## ၁၁-သမုဒယသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဣဒံ၊ ဤတပ်မက်သာယာသော တဏှာလောဘသည်။ ဒုက္ခသမုဒယံ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော။ အရိယသစ္စန္တိ၊ အရိယသစ္စာကြီး တပါးဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီ ကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာခေတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီး ထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[သမုဒယသစ္စာ၌ သစ္စဉာဏ်ပြီး၏။]

---

## ၁၂-သမုဒယသစ္စာ၌ကိစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဒုက္ခသမုဒယံ၊ ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သော။ တံခေါပနက္ခဒံ-အရိယသစ္စံ၊ ဤအရိယသစ္စာတရားကို။ ပဟာတဗ္ဗန္တိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံ ပယ်သင့် ပယ်ထိုက်၏-ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူးကုန်သော။ ဓမ္မေသု၊ တရားတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီး ထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[သမုဒယ**သစ္စာ၌** ကိ**စ္စ**ဉာဏ်ပြီး၏။]

---

## ၁၃–သမုဒယယစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဒုက္ခသမုဒယံ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော။ တံခေါပန ဣဒံ-အရိယသစ္စံ၊ ဤအရိယသစ္စာတရားကို။ ပဟီနန္တိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံပယ်ခြင်းကိစ္စပြီးပြီ–ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူးကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင် ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီး ထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[သမုဒယသစ္စာ၌ ကတဉာဏ်ပြီး၏။]

---

### ၁၄-နိရောဓသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဒုက္ခဝပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန်ဖြစ်သော။ အရိယသစ္စန္တိ၊ အရိယသစ္စာကြီးတပါး-ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ရှေးဘုရားမဖြစ်မီကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အန္တံ့အပြား မြင်အားသန့်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍လာ၏။

[နိရောဓသစ္စာ၌ သစ္စဉာဏ်ပြီး၏။]

---

## ၁၅-နိရောဓသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဒုက္ခနိရောဓံ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန်ဖြစ်သော။ တံခေါ ပနဣဒံ - အရိယသစ္စံ၊ ဤအရိယသစ္စာတရားကို။ သစ္ဆိကာတဗ္ဗန္တိ၊ ကိုယ်တိုင်ဆိုက်ရောက်မျက်မှောက် ပြုအပ်ပြုထိုက်၏ - ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူးကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်း ဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[နိရောဓသစ္စာ၌ ကိစ္စဉာဏ် ပြီး၏။

---

## ၁၆-နိရောဓသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

> ဒုက္ခနိရောဓ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရှိ ဓာတ်
> သိမ်းကား မှန်ဖြစ်သော။ တံခေါ်ပန္နဒံ - အရိယသစ္စံ၊
> ဤအရိယသစ္စာတရားကို။ သစ္ဆိကတန္တိ၊ ကိုယ်တိုင်
> ဆိုက်ရောက် မျက်မှောက်ပြုခြင်းကိစ္စပြီးပြီ - ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဖူးကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံသော ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ပေါင်းပြား(?)ဟ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍ လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍ လာ၏။

[နိရောဓသစ္စာ၌ ကတဉာဏ်ပြီး၏။]

---

## ၁၇-မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးတရားအစုသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော။ အရိယသစ္စန္တိ၊ အရိယ သစ္စာကြီးတပါး-ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူးကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်ဘိုဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုထ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

။ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

[မဂ္ဂသစ္စာ၌ သစ္စဉာဏ်ပြီး၏။]

---

## ၁၈-မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော။ တံခါပန ဣဒံ-အရိယသစ္စံ၊ ဤအရိယသစ္စာ တရားကို။ ဘာဝေတဗ္ဗန္တိ၊ ဘာဝနာအလုပ်ဖြင့် အားထုတ် ကြိုးစား ပွားများအပ်, ပွားများထိုက်၏-ဟူ၍။

မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီ ကာလ၌။ အနနုဿုတေသု၊ တရံတခါမျှ မကြားစဘူးကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ပညာ၊ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာမာတ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍ လာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီးထွန်း ပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍ လာ၏။

[မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် ပြီး၏။]

---

## ၁၉-မဂ္ဂသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။

ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ် ငြိမ်း၍ ဇာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန် ဖြစ်သော။ တံခါပန ဣဒံ-အရိယသစ္စံ၊ ဤအရိယသစ္စာတရားကို။ ဘာဝိတန္တိ၊ ပွားများခြင်းကိစ္စပြီးပြီ-ဟူ၍။

မေ-မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးဘုရားမဖြစ်မီ ကာလ ၌။ အနနုဿုတေသု၊ တရံ တခါမျှ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ တရားအပေါင်းတို့၌။

စက္ခုံ၊ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍လာ၏။

ဉာဏံ၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှား ဖြစ်ပေါ်၍ လာ၏။

ပညာ၊ အန္ဓအပြား မြင်အားသန်စွာ ဉာဏ်ပညာသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ရှိလာ၏။

ဝိဇ္ဇာ၊ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ရှိလာ၏။

အာလောကော၊ မောဟမှောင်ကြီး ဖျက်ဆီး ထွန်းပြောင် အလင်းရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ရှိလာ၏။

[မဂ္ဂသစ္စာ၌ ကတဉာဏ် ပြီး၏။]

---

## ၂၀-ရှေးကဘုရားဖြစ်ကြောင်းဝန်မခံခဲ့ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှ လောက်သော ကာလပတ်လုံး။ မေ-မမ၊ ငါဘုရားအား။ စတူသု၊ လေးပါး ကုန်သော။ ဣမေသု-အရိယသစ္စေသု၊ ဤ မဘောက်မပြန် မှန်ကန်တုံလတ် အရိယ သစ္စာမြတ်တို့၌။ ဧဝံ၊ ဤသို့ ပြဆိုအပ်ပြီးသောအတိုင်း။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စ ဉာဏ်, ကတဉာဏ် အားဖြင့် စက်လည်ပုံ သုံးပါးရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီ အားဖြင့် အခြင်းအရာ တဆယ့် နှစ်ပါးရှိသော။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဉာဏ ဒဿနံ၊ ပိုင်းခြားထင်ထင် ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ စင်စင် ကြယ်ကြယ်။ နအဟောသိ၊ မဖြစ်ပေါ်လာသေး။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ နတ်ပြည်နှင့် တကွဖြစ်သော။ သမာရကေ၊ မာရ်နတ်လွှမ်းခြုံ ဝသဝတ္တိဘုံနှင့် တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာ့ဘုံနှင့် တကွ ဖြစ်သော။ လောကေ၊ အနန္တစကြဝဠာ ကမ္ဘာလောကဓာတ် တိုက်ဘောင်

အတွင်း၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့် တကွ ဖြစ်သော၊ သဒေဝမနုဿာယ၊ နတ်လူနှင့် တကွ ဖြစ်သော။ ပဇာယ၊ သတ္တဝါများ အလယ်၌၊ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ ဘုရားဖြစ်ရန် သဗ္ဗညုတ ရွှေဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ပိုင်ပိုင်ရရှိ ထိုးထွင်း၍ သိတော်မူပြီ-ဟူ၍။ နေဝပစ္စညာသိံ၊ ဝန်ခံတော်မမူသေး။

---

## ၂၁-ယခုမှ ဘုရားဖြစ်ကြောင်းဝန်ခံပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယတော စခေါ၊ အကြင် အခါ၌သာလျှင်။ မေ-မမ၊ ငါဘုရားအား။ စတူသု၊ လေးပါး ကုန်သော။ ဣမေသု-အရိယသစ္စေသု၊ ဤမဘောက်မပြန် မှန် ကန်တုံလတ် အရိယာသစ္စာမြတ်တို့၌။ ဧဝံ၊ ဤသို့ ပြဆိုအပ်ပြီး သောအတိုင်း။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် အားဖြင့် စက်လည်ပုံ သုံးပါးရှိသော။ ဒွါဒသာကာရံ၊ သုံးပါး လေးလီအားဖြင့် အခြင်းအရာ တဆယ့်နှစ်ပါး ရှိသော။ ယထာ ဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဉာဏဒဿနံ၊ ပိုင်းခြားထင်ထင် ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ စင်စင်ကြယ်ကြယ်။ အဟောသိ၊ ဖြစ်ပေါ်၍လာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အထ၊ ထိုအခါ၌သာလျှင်။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ နတ်ပြည်နှင့်တကွဖြစ်သော။ သမာရကေ၊ မာရ်နတ်လွှမ်းခြုံ ဝသဝတ္တီဘုံနှင့်တကွ ဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာ့ဘုံနှင့် တကွ ဖြစ်သော။ လောကေ၊ အနန္တ စကြဝဠာ ကမ္ဘာ လောကဓာတ် တိုက်ဘောင် အတွင်း၌။

သဿမဏဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့်တကွ ဖြစ်သော။ သဒေဝ မနုဿာယ၊ နတ် လူ နှင့် တကွ ဖြစ်သော။ ပဇာယ၊ သတ္တဝါများ အလယ်၌၊ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ ဘုရားဖြစ်ရန် သဗ္ဗညုတ ရွှေဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ပိုင်ပိုင်ရရှိ ထိုးထွင်း၍သိတော်မူပြီ-ဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။

---

## ၂၂-ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ မေ-ငါဘုရား၏။ ဒဿနံ၊ ဟုတ်တိုင်းအမှန် အမြင် သန်သော။ ဉာဏဥ္စပန၊ ပစ္စဝေက္ခဏာ ဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍လာပြီ။ မေ၊ ငါဘုရား၏။ ဝိမုတ္တိ၊ အရဟတ္တဖိုလ် ဉာဏ်တော်သည်။ အကုပ္ပါ၊ မပျက်စီးနိုင် ခံ့ခိုင် တည်တံ့လေပြီ။ မေ၊ ငါဘုရား၏။ အယံ၊ ဤဘဝ အဖြစ်သည်။ အန္တိမာဇာတိ၊ အဆုံးစွန်သော အဖြစ်ပေတည်း။ ဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ ဘဝအသစ် တဖန်ဖြစ်ဘို့အရေးသည်။ နတ္ထိ၊ မရှိတော့ချေ။ ဣတိ၊ ဤသို့။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍ လာပြီ။

---

## ၂၃-ပဉ္စဝဂ္ဂီရဟန်းတို့ တရားနှစ်သက်ကြပုံ

ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဣဒံ၊ ဤဓမ္မစက္ကပဝတ္တန သုတ္တန်ကို။ အဝေါစ၊ ပဌမ လက်ဦး မြွက်ကျူးဟောကြားတော်မူလေ၏။ ပဉ္စဝဂ္ဂိယာ၊ ကောဏ္ဍည အမှူး ငါးဦး အစုအဝေး ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့

သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားတော်ကို။ အတ္တမနာ၊ အရိယသစ္စာဉာဏ် ထက်သန့်ပွင့်လင်း ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍။ အဘိနန္ဒုံ၊ ရွှင်လန်းအားရ နှစ်သက်ကြ လေကုန်သတည်း။

---

## ၂၄–အရှင်ကောဏ္ဍညသောတာပန်ဖြစ်ပုံ

ဣမသ္မိံစပန– ဝေယျာကရဏသ္မိံ၊ ဂါထာမဟုတ် စုဏ္ဏိယ သက်သက် ဖြစ်သော ဤဓမ္မစက္ကပဝတ္တန သုတ်တော်ကြီးကို။ ဘညမာနေ၊ ဟောတော်မူအပ်သည် ရှိသော်။ အာယသ္မတော၊ ရှည်သော အသက်တော်ရှိသော။ ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍည မထေရ်အား။ ဝိရဇံ၊ ကိလေသာမြူတို့မှ စင်ဖြူ ကင်းဝေးသော။ ဝီတမလံ၊ မှောက်မှားဒိဋ္ဌိ အညစ်အကြေး မရှိသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော တရားမျက်လုံးသည်။ ဥဒပါဒိ၊ ထင်ရှားစွာ ပေါ်ပေါက်လေ၏။ ယံကိဉ္စိ၊ အလုံးစုံသော တေဘူမက ဝဋ္ဋဒုက္ခ တရားစုသည်။ သမုဒယဓမ္မံ၊ ဖြစ်ပေါ်ခြင်း လျှင် အကြောင်းရင်းရှိ၏။ တံ–သဗ္ဗံ၊ ထိုအလုံးစုံသော တေဘူမက ဝဋ္ဋဒုက္ခတရားစုသည်။ နိရောဓဓမ္မံ၊ မကြွင်းမကျန် အမှန်ချုပ် ဆုံးခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဓမ္မစက္ခုံ၊ ဟုတ်တိုင်းမှန်သိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

## ၂၅-နတ်ဗြဟ္မာတို့ကောင်းချီးပေးပုံ

ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ သုတ်တော်ကြီးကို။ ပဝတ္တိတေ စပန၊ ဟောတော်မူအပ်ပြီးသည် ရှိသော်ကား။ ဘုမ္မဒေဝါ၊ ဘုမ္မစိုးနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးဆုညံ ဟစ်ကြွေးသံကို။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

"ဘောဘန္တော၊ အို-နတ်များအပေါင်းတို့။ ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီ နေပြည်တော်ကြီး၏ အနီး၌။ မိဂဒါယေ၊ သားသမင် အပေါင်းတို့ကိုဘေးမဲ့ပေး၍ မွေးရာဖြစ်သော။ ဣသိပတနေ၊ ရသေ့သူမြတ်အပေါင်းတို့၏ ဆင်းသက် ကျရောက်ရာဖြစ်သော မိဂဒါဝုန် တောကြီးအတွင်း၌။ အနုတ္တရံ၊ အတုမရှိသော။ ဇတံ-ဓမ္မစက္ကံ၊ ဤဓမ္မစကြာ တရားတော်မြတ်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဧတံ၊ ဤဓမ္မစကြာ တရားတော်မြတ်ကို။ သမဏေန ဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေန ဝါ၊ နတ်သည်၎င်း။ မာရေန ဝါ၊ မာရ်နတ်သည်၎င်း။ ဗြဟ္မုနာ ဝါ ဗြဟ္မာသည်၎င်း။ လောကသ္မိံ၊ အနန္တစကြဝဠာ ဤကမ္ဘာ လောကဓာတ်တိုက်ဘောင်အတွင်း၌။ ကေနစိ ဝါ၊ တစုံတယောက်သောပုဂ္ဂိုလ်သည်၎င်း။ အပ္ပဋိဝတ္တိယံ၊ မဆီးတားမကန့်ကွက်နိုင်ချေ"။

ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

ဘုမ္မာနံဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ သဒ္ဒံ၊ ကြွေးကြော်သံကို။ သုတွာ၊ ကြားကြကုန်သည်ရှိသော်။ စာတု မဟာရာဇိကာ ဒေဝါ၊ စာတုမဟာရာဇ် နတ်အများတို့သည်။ သဒ္ဒံ။ ကောင်းချီးဆုညံ့ဟစ်ကြွေးသံကို၊ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကြလေကုန်၏....။

စာတုမဟာရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ်နတ်တို့၏။ သဒ္ဒံ၊ ကြွေးကြော်သံကို။ သုတွာ၊ ကြားကြကုန်သည်ရှိသော်။ တာဝတိံသာဒေဝါ၊ တာဝတိံသာနတ်အများတို့သည်။ သဒ္ဒံ၊ ကောင်းချီးဆုညံ ဟစ်ကြွေးသံကို။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကြလေကုန်၏....။

တာဝတိံသာနံ ဒေဝါနံ၊ တာဝတိံသာနတ်တို့၏။ သဒ္ဒံ၊ ကြွေးကြော်သံကို။ သုတွာ၊ ကြားကြကုန်သည် ရှိသော်။ ယာမာ ဒေဝါ၊ ယာမာနတ်အများတို့သည်။ သဒ္ဒံ၊ ကောင်းချီးဆုညံ ဟစ်ကြွေးသံကို။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကြလေကုန်၏....။

ယာမာနံ ဒေဝါနံ၊ ယာမာနတ်တို့၏။ သဒ္ဒံ၊ ကြွေးကြော်သံကို။ သုတွာ၊ ကြားကြကုန်သည်ရှိသော်။ တုသိတာဒေဝါ၊ တုသိတာနတ်အများတို့သည်။ သဒ္ဒံ၊ ကောင်းချီးဆုညံ ဟစ်ကြွေးသံကို။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကြလေကုန်၏....။

တုသိတာနံ ဒေဝါနံ၊ တုသိတာနတ်တို့၏။ သဒ္ဒံ၊ ကြွေးကြော်သံကို။ သုတွာ၊ ကြားကြကုန်သည်ရှိသော်။ နိမ္မာနရတီဒေဝါ၊ နိမ္မာနရတီနတ်အများတို့သည်။ သဒ္ဒံ၊ ကောင်းချီးဆုညံ ဟစ်ကြွေးသံကို။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကြလေကုန်၏....။

နိမ္မာနရတီနံ ဒေဝါနံ၊ နိမ္မာနရတီနတ်တို့၏။ သဒ္ဒံ၊ ကြွေး ကြော်သံကို။ သုတွာ၊ ကြားကြကုန်သည် ရှိသော်။ ပရနိမ္မိတ ဝသဝတ္တီဒေဝါ၊ ပရနိမ္မိတ ဝသဝတ္တီနတ် အများတို့သည်။ သဒ္ဒံ၊ ကောင်ချီးဆူသံ ဟစ်ကြွေးသံကို။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကြလေကုန်၏....။

ပရနိမ္မိတ ဝသဝတ္တီနံ ဒေဝါနံ၊ ပရနိမ္မိတဝသဝတ္တီနတ်တို့ ၏။ သဒ္ဒံ၊ ကြွေးကြော်သံကို။ သုတွာ၊ ကြားကြကုန်သည် ရှိသော်။ ဗြဟ္မကာယိကာဒေဝါ၊ ဗြဟ္မာအပေါင်းတို့သည်။ သဒ္ဒံ၊ ကောင်းချီးဆူသံ ဟစ်ကြွေးသံကို။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကြလေကုန်၏....။

“ဘောန္တော၊ အို–နတ်ဗြဟ္မာများ အပေါင်းတို့။ ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီ နေပြည်တော်ကြီး၏ အနီး၌။ မိဂဒါယေ၊ သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော။ ဣသိပတနေ၊ ရသေ့သူ မြတ်အပေါင်းတို့၏ ဆင်းသက် ကျရောက်ရာ ဖြစ် သော မိဂဒါဝုန်တောကြီးအတွင်း၌။ အနုတ္တရံ၊ အစား မရှိသော။ တံ–ဓမ္မစက္ကံ၊ ‘ဤဓမ္မစကြာတရားတော်မြတ် ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပေပြီ။ တံ၊ ဤဓမ္မ စကြာတရားတော်မြတ်ကို။ သမဏေန ဝါ၊ ရဟန်း သည်ရင်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်ရင်း။ ဒေဝေ န ဝါ၊ နတ်သည်ရင်း။ မာရေန ဝါ၊ မာရ်နတ်သည်ရင်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်ရင်း။ လောကသ္မိံ၊ အနန္တ စကြာဝဠာ ဤကမ္ဘာ လောကဓာတ် တိုက်ဘောင်

အတွင်း၌။ ကေနစိဝါ၊ တစုံတယောက်သော ပုဂ္ဂိုလ်သည်ရှင်း။ အပ္ပဝတ္တိယံ၊ မဘီးတား မကန့်ကွက်နိုင်ချေ"။

ဣတိ၊ ဤသို့။ အနုသာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကြလေကုန်၏။

ဣတိဟ၊ ဤသို့လျှင်။ တေန ခဏေန၊ ထိုခဏအတွင်း၌။ တေန လယေန၊ ထိုလယအတွင်း၌။ တေန မုဟုတ္တေန၊ ထိုမုဟုတ်အတွင်း၌။ ယာဝဗြဟ္မလောကာ၊ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆိ၊ အဆင့်ဆင့်ပျံ့နှံ့၍တက်လေ၏။

## ၂၆-တသောင်းသော လောကဓာတ်တုန်လှုပ်ပုံ

အယဉ္စ-ဒသ သဟဿိ လောကဓာတု၊ ဤစကြဝဠာအပေါင်း လောကဓာတ် တိုက်တသောင်း သည်လည်း။ သံကမ္ပိ၊ အောက်သို့နိမ့်လျက် တသိမ့်သိမ့် တုန်လှုပ်လေ၏။ သမ္ပကမ္ပိ၊ အထက်သို့ခုန်တက်၍ တသွက်သွက် တုန်လှုပ်လေ၏။ သမ္ပဝေဓိ၊ အေးယဉ်လှဲ့သကဲ့သို့ နှံကာနှံကာ တုန်လှုပ်လေ၏။

## ၂၇-အရောင်အလင်းဖြစ်ပေါ်လာပုံ

ဒေဝါနံ၊ နတ်အပေါင်း, ဗြဟ္မာအပေါင်းတို့၏။ ဒေဝါနုဘာဝံ၊ နတ်တို့၏တန်ခိုး, ဗြဟ္မာတို့၏တန်ခိုး အလုံးစုံကို။ အတိက္ကမ္မ၊ သိမ်းခြုံလွှမ်းမိုး၍။ လောကေ၊ စကြဝဠာအပေါင်း လောကဓာတ် တိုက်တသောင်း၌။ အပ္ပမာဏော၊

အတိုင်းမသိ နှိုင်းယှဉ်ဘွယ်မရှိသော။ ဥဠာရော၊ ကြီးကျယ်မွန်မြတ်သော။ ဩဘာသော၊ ရောင်လျှံထိန်ညီး အလင်းဓာတ်ကြီးသည်။ ပါတုရဟောသိ၊ အဆန်းတကြယ် အံ့ဩဘွယ်ဖြစ်ပေါ်လာ၏။

---

## ၂၇-မြတ်စွာဘုရားဥဒါန်းကျူးပုံ

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဣမံ-ဥဒါနံ၊ ဝမ်းမြောက်မြွက်ကြား ဤဥဒါန်းတော် အမိန့်စကားကို။ ဥဒါနေသိ၊ ကျူးရင့်တော်မူလေ၏။

"ဘော၊ အို-လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့။ ကောဏ္ဍညော၊ ငါ့သားတော်ကြီး ဖြစ်သော ကောဏ္ဍညသည်။ အညာသိဝတ၊ အသိဉာဏ်အလင်းပေါက်၍ သောတာပန် အဖြစ်သို့ ရောက်လေပြီ တကား။ ဘော၊ အို-လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့။ ကောဏ္ဍညော၊ ငါ့သားတော်ကြီး ဖြစ်သော ကောဏ္ဍညသည်။ အညာသိဝတ၊ အသိဉာဏ် အလင်းပေါက်၍ သောတာပန် အဖြစ်သို့ ရောက်လေပြီတကား။

ဣတိ၊ ဤသို့။ ဥဒါနေသိ၊ ဥဒါန်းကျူးရင့်တော်မူလေ၏။

ဣတိဟ-ဣမိနာ၊ ဥဒါနေန ဤဥဒါန်း စကားတော်အားဖြင့်။ အာယသ္မတော၊ ရှည်သော အသက်တော် ရှိသော။ ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးအား။

အညာသိကောဏ္ဍညော္ကေဝ၊ အညာသိ ကောဏ္ဍညဟူ၍ သာလျှင်။ ဣဒံ-နာမံ၊ ဤအမည်ထူးသည်။ အဟောသိ၊ ဖြစ် လေသတည်း။

---

## ၂၉ - အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ်တောင်းပုံ

အထခေါ၊ ထိုသောတာပန် ဖြစ်ပြီးသောအခါ၌။ အာယသ္မာ၊ ရှည်သော အသက်တော်ရှိသော။ အညာသိကောဏ္ဍညော၊ အရှင်အညာသိကောဏ္ဍညသည်။

ဒိဋ္ဌဓမ္မော၊ ကိုယ်တိုင်မြင်အပ်ပြီးသော တရားရှိသည်ဖြစ်၍။

ပတ္တဓမ္မော၊ ကိုယ်တိုင် ဆိုက်ရောက်အပ်ပြီးသော တရားရှိသည်ဖြစ်၍။

ဝိဒိတဓမ္မော၊ ကိုယ်တိုင်သိအပ်ပြီးသော တရားရှိသည်ဖြစ်၍။

ပရိယောဂါဠ္ဟဓမ္မော၊ ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိသည်ဖြစ်၍။

တိဏ္ဏဝိစိကိစ္ဆော၊ ယုံမှားခြင်း၏ တဘက်ကမ်းသို့ ရောက်အောင် ကူးမြောက်ပြီးသည်ဖြစ်၍။

ဝိဂတကထံကထော၊ သို့လောသို့လော တွေးတောယုံမှားခြင်းမှ လွတ်ကင်းသည်ဖြစ်၍။

ဝေသာရဇ္ဇပ္ပတ္တော၊ ကြောက်ရွံ့မှု ကင်းလျက်ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍။

သတ္တုဩသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော် အတွင်း၌။ အပရပ္ပစ္စယော။ သိမြင်ပြီးသော ဉာဏ်အစွမ်း အားဖြင့် သူတပါးတို့အား ယုံကြည်အားထားခြင်းမရှိလေသောကြောင့်။

ဘဂဝန္တံ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို။ ဧတံ၊ ဤသို့သောစကားကို။ အဝေါစ၊ လျှောက်ထားတောင်းပန်လေ၏။

"ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ လဘေယျံ၊ ရလိုပါသည်ဘုရား။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘေယျံ၊ ရလိုပါသည်ဘုရား"။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ထားတောင်းပန်လေ၏။

---

## ၃၀-ဟေဘိက္ခု ရဟန်းအဖြစ်ရပုံ

ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဤသို့မိန့်တော်မူ၏။

"ဘိက္ခု၊ အို-ရဟန်း။ ဧဟိ၊ လာလော့။ မယာ၊ ငါဘုရားသည်။ ဓမ္မော၊ တရားတော် မြတ်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ ဒုက္ခဿ၊ သံသရာဝဋ်ဆင်းရဲ၏။ အန္တကိရိယာ

ယ၊ ကိစ္စတုံး၍ အဆုံးတိုင်အောင်ပြုခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သော မဂ်အကျင့်ကို။ စရ၊ ကျင့်လေလော့"။

ဣတိ၊ ဤသို့။ အဝေါစ မိန့်တော်မူ၏။ အာယသ္မတော၊ ရှည်သော အသက်တော် ရှိသော။ တဿ၊ ထိုအရှင် ကောဏ္ဍညအား။ သာဝဥပသမ္ပဒါ၊ ထိုဧဟိဘိက္ခု-ပဥ္စင်းအဖြစ် သည်သာလျှင်။ အဟောသိ၊ ဖြစ်လေသတည်း။

ဓမ္မစက္ကပဝတ္တနသုတ္တံ၊ ဓမ္မစက္ကပဝတ္တန
သုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ဆဋ္ဌသံဂါယနာတင်စာတော်မှ

# အနတ္တလက္ခဏသုတ်

ပါဠိတော်

# အနတ္တလက္ခဏသုတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အနတ္တလက္ခဏသုတ်အမွှန်း

(က) ဓမ္မစက္ကံ ပဝတ္တေတွာ၊
အာသဠှိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊
ဣသိပတနဝှယေ ဝနေ။
(ခ) ပါပေတွာဒိဖလံ နေသံ၊
အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဉ္စမျံ၊
ဝိမုတ္တတ္ထံ ဘဏာမ ဟေ။

---

## ၁–အနတ္တလက္ခဏသုတ် နိဒါန်း

ဧဝံ မေ သုတံ–

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။

"ဘဒ္ဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

ဘဂဝါ ဧတဒဝေါစ–

## ၂-ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ

* ရူပံ ဘိက္ခဝေ အနတ္တာ။

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

---

## ၃-ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ

* ဝေဒနာ အနတ္တာ။

ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ။

ယသ္မာစ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ။

## ၄-သညာက္ခန္ဓာ အနတ္တဖြစ်ပုံ

* သညာ အနတ္တာ။

သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ။

---

## ၅-သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံ

* သင်္ခါရာ အနတ္တာ။

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ[၁] သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ။

လဗ္ဘေထ စ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု"န္တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ။

န စ လဗ္ဘတိ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု"န္တိ။

---

၁-နယိမေ (မူကွဲ)

## ၆-ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ

* ဝိညာဏံ အနတ္တာ။

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ။

---

## ၇-ရူပက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။

* နော ဟေတံ ဘန္တေ။

## ၈–ဝေဒနာက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

* အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

* ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။

* နော ဟေတံ ဘန္တေ။

---

## ၉–သညာက္ခန္ဓာ၌ လက္ခဏာရေး ၃–ပါး

သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

* အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

* ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။

* နော ဟေတံ ဘန္တေ။

## ၁၀-သင်္ခါရက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

* အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

* ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။

* နော ဟေတံ ဘန္တေ။

---

## ၁၁-ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

* အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

* ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။

* နော ဟေတံ ဘန္တေ။

## ၁၂–ရုပ်တရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ
အတီတာ နာဂတ ပစ္စုပ္ပန္နံ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကံဝါ သုခုမံ ဝါ
ဟီနံ ဝါ ပဏီတံ ဝါ
ယံ ဒူရေ သန္တိကေ ဝါ

သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

---

## ၁၃–ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာ ကာစိ ဝေဒနာ
အတီတာ နာဂထ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကာဝါ သုခုမာ ဝါ
ဟီနာ ဝါ ပဏီတာဝါ
ယာ ဒူရေ သန္တိကေ ဝါ

သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပပညာယ ဒဋ္ဌဗ္ဗံ။

---

၁–ယံ ဒူရေဝါ [မူကွဲ]

## ၁၄-သညာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာ ကာစိ သညာ
အတီတာ နာဂတ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကာ ဝါ သုခုမာ ဝါ
ဟီနာ ဝါ ပဏီတာ ဝါ
ယာ ဒူရေ သန္တိကေ ဝါ

သဗ္ဗာ သညာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

---

## ၁၅-သင်္ခါရတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယေ ကေစိ သင်္ခါရာ
အတီတာ နာဂတ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကာ ဝါ သုခုမာ ဝါ
ဟီနာ ဝါ ပဏီတာ ဝါ
ယေ ဒူရေ သန္တိကေ ဝါ

သဗ္ဗေ သင်္ခါရာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## ၁၆–ဝိညာဉ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယံ ကိဉ္စိ ဝိညာဏံ
အတီတာ နာဂတ ပစ္စုပ္ပန္နံ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကံ ဝါ သုခုမံ ဝါ
ဟီနံ ဝါ ပဏီတံ ဝါ
ယံ ဒူရေ သန္တိကေ ဝါ

သဗ္ဗံ ဝိညာဏံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

---

## ၁၇–နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စတဆယ်ခြောက်ချက်ဖြစ်ပုံ

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ။ ဝေဒနာယပိ နိဗ္ဗိန္ဒတိ။ သညာယပိ နိဗ္ဗိန္ဒတိ။ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ။ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။
ဝိရာဂါ ဝိမုစ္စတိ။
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ[၁] ဉာဏံ ဟောတိ။
ခီဏာ ဇာတိ။
ဝုသိတံ ဗြဟ္မစရိယံ။
ကတံ ကရဏီယံ။
နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

---

၁–ဝိမုတ္တမှိတိ [မူကွဲ]

## ၁၈-ပဉ္စဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံ

ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ[၁]။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ။

---

၁-အဘိနန္ဒုန္တိ [မူကွဲ]

ဆရာတော်ဦးဗုဓ်

# အနန္တလက္ခဏာသုတ်

နိဿယဟောင်း

H 315—7 [ဟံသာဝတီ]၊ ((အငွေမအကြိမ်))

ဆရာတော် ဦးဗုဓ်

# အနန္တလက္ခဏသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမ**

ယာနန္တာယေန ယာယိဿော၊
ယောဂက္ခယံ သယာယိယ။
ယထာဂတော ယာပေတိ၊
ဝန္ဒေ သမ္ပတ္တိလက္ခဏံ။

ယာယိဿော၊ ယာဉ်မှူးဖြစ်တော်မူသော၊ ယော-ယော ဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ ယာနန္တာယေန၊ အနိစ္စ, ဒုက္ခ, အနတ္တဟုဆိုအပ်သော လက္ခဏာရေး သုံးပါးတည်းဟူသောယာဉ်ဖြင့်။ ယောဂက္ခယံ၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ရွှေပြည်သို့။ သယာယိယ၊ ကိုယ်တော်ကြွသွားတော်မူပြီး၍။ ယထာဂတော၊ ကံအား လျော်စွာဖြစ်ကုန်သော။ သတ္တေ၊ ဝေနေယျသတ္တဝါတို့ကို။ ယောဂက္ခယံ၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန် ရွှေပြည်သို့။ ယာပေတိ၊ ရောက်စေတော်မူ၏။ သမ္ပတ္တိလက္ခဏံ၊ ပြည့်စုံသော လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ် ရှိတော်မူသော။ တံ-ဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

## (က-ခ) အနုတ္တလက္ခဏာသုတ်အမွှန်း

ဗာရာဏသိယံ၊ ဗာရာဏသီ အမည်ရှိသော။ နဂရေ၊ ပြည်၌။ ဣသိပတနေ၊ ပစ္စေကဗုဒ္ဓါတို့၏ ကျရာဖြစ်၍ ဣသိပတနအမည်ရှိသော။ ငနေ၊ သားငှက်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌။ အာသဠှိယံ၊ ဝါဆိုလ၌။ ပုဏ္ဏမေ၊ လပြည့်နေ့၌။ နေသံ၊ ထိုပဉ္စဝဂ္ဂီရဟန်းတို့အား။ ဓမ္မစက္ကံ၊ ဓမ္မစကြာဒေသနာကို။ ပဝတ္တေတွာ၊ ဟောတော်မူ၍။ အနုက္ကမေန၊ နေ့ရက်အစဉ် ယေရ်အစဉ်အားဖြင့်။ အာဒိဗလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပေတွာ၊ ရောက်စေ တော်မူ၍။ ပဉ္စမာ၊ လက္ခယ်ပက္ခ ပါဆိုလဆိုး။ ပဥ္စမျံ၊ ငါးရက်မြောက်သောနေ့၌။ နေသံ၊ ထိုပဉ္စဝဂ္ဂီရဟန်းတို့၏။ ဝိမုတ္တတ္ထံ၊ အရဟတ္တဖိုလ်အကျိုးငှါ။ ယံ-အနုတ္တ လက္ခဏသုတ္တံ၊ အကြင်အနတ္တလက္ခဏာသုတ်ကို။ အဒေသယိ၊ ဟောတော်မူပြီ။ တံ-အနတ္တလက္ခဏာသုတ္တံ၊ ထိုအနတ္တလက္ခဏာသုတ်ကို။ ဟောဆို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

---

## အနတ္တလက္ခဏာသုတ်သင်္ဂါယနာတင်ပုံ

ကုသိနာရာယ၊ ကုသိနာရုံပြည်၏။ ဥတ္တရတော၊ တောင်အရပ်၌။ မလ္လာနံ၊ မလ္လာမင်းတို့၏။ သာလဝနေ၊ အင်ကြင်းတောဉယျာဉ်၌။ ယမကသာလာနံ၊ အင်ကြင်းပင်ပျိုအစုံတို့၏၊အန္တရေ၊အကြား၌။ ဝိသာခပုဏ္ဏမဒိဝသေ၊ ကဆုန်လပြည့်နေ့၌။ ဂစ္ဆူသ သမယေ၊ မိုးသောက် အရုဏ်မတက်မီ ကာလ၌၊ ဒ ...တိ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိဗ္ဗာန် ... ... ... ရှိသော်။ တ[illegible]ာ၊ ပရိနိဗ္ဗာန်ပြုတော်မူသည်

မှ၊ တိဏ္ဏံမာသာနံ၊ သုံးလတို့၏။ အစ္စယေန၊ လွန်သဖြင့်။ သာဝဏ မာသဿ၊ ဝါခေါင်လ၏။ ကာဠပက္ခပဉ္စမိယံ၊ လဆုတ် ငါးရက် မြောက်သော နေ့၌။ ဂိရိဗ္ဗဇေ၊ ရာဇဂြိုဟ်ပြည်၌။ ဝေဘာရပဗ္ဗတပဿေ၊ ဝေဘာရ တောင်ယံ၌။ သတ္တပဏ္ဏိဂုဟာယံ၊ ·စရည်းပင်ရောက်ရာ လိုဏ်ဝ၌။ အဇာတသတ္တုနာ၊ အဇာတသတ် မင်းသည်။ ကာရာပိတေ၊ ဆောက်လုပ်စေအပ်သော။ အတိ သောဘိတေ၊ အလွန်တင့်တယ် ရှုဘွယ်ဘနန်း ထူးဆန်းသော။ မဟာမဏ္ဍပေ၊ မင်္ဂလာမဏ္ဍပ်၌။ ပဉ္စသတိကာသင်္ဂီတိကာလေ၊ ရဟန္တာ ငါးရာ ပဌမ မဟာသင်္ဂါယနာတင်သော အခါ၌။ အာယသ္မတာ မဟာကဿပေန၊ အရှင်မဟာကဿပသည်။ “အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ဧတံသုတ္တံ၊ ဤအနုတ္တလက္ခဏာသုတ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကတ္ထကာလေ၊ အဘယ်ကာလ၌။ ကတ္ထဒေသေ၊ အဘယ်အရပ်၌။ ကိသ္မိံ ဝတ္ထုသ္မိံ၊ အဘယ် အကြောင်းကြောင့်။ ကံပုဂ္ဂလံ၊ အဘယ်ပုဂ္ဂိုလ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဘာသိတံ၊ ဟောတော်မူအပ်သနည်း”။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးအပ်သည်ဖြစ်၍။ အာယသ္မာအာနန္ဒော၊ အရှင် အာနန္ဒာသည်။ ဧဝံ မေ သုတန္တိအာဒိနာ၊ ဧဝံ မေ သုတံ–ဤသို့ အစရှိသော စကားဖြင့်။ ဝိဿဇ္ဇေသိ၊ ဖြေတော်မူ၏။

---

## ၁–အနုတ္တလက္ခဏာသုတ်နိဒါန်း

ဘန္တေကဿပ၊ အရှင်မဟာကဿပ။ မေ၊ အကျွန်ုပ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ အထံတော်မှ။ ဧဝံ၊ ဤသို့သောအခြင်းအရာဖြင့်။ သုတံ၊ ကြားလိုက်ရ၏။

ဧကံ၊တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ပစ္စေကဗုဒ္ဓါတို့၏ ကျရာ ဖြစ်ခြင်းကြောင့် ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌။ဝိဟရတိ၊နေတော်မူ၏။

တတြခေါ၊ထိုသို့ နေတော်မူသောအခါ၌သာလျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ၊ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။ တေ၊ ဘုန်းတော်ကြီးသော အရှင်ဘုရားအား။ ဘဒ္ဒံ၊ကောင်းခြင်းသည်။အတ္ထု၊ ဖြစ်စေသတည်း၊ ဣတိ၊ ဤသို့။ တေဘိက္ခူ၊ထိုပဉ္စဝဂ္ဂီရဟန်းတို့သည်။ဘဂဝတော၊ မြတ်စွာဘုရားအား။ပစ္စဿောသုံ၊တုံ့ကာ တဘန် ပြန်လျှောက်ကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ-ဝစနံ၊ ဤ''ရူပံ ဘိက္ခဝေ''အစရှိသော စကားကို။အဝေါစ၊မိန့်တော်မူ၏။

---

## ၂-ရူပက္ခန္ဓာအနတ္တာဖြစ်ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ကံ,' စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်သော ရုပ်သည်။ ဝါ၊ အချမ်း အပူ အစရှိသော ဝိရောဓိပစ္စည်းတို့ကြောင့် ဖောက်ပြန်တတ်သော ရုပ်သည်။ ဝါ၊ အချမ်း အပူ အစရှိသော ဝိရောဓိပစ္စည်းတို့သည် ဖောက်ပြန်စေအပ်သောရုပ်သည်။ ဝါ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန,ပဏီတ, ဒူရ,သန္တိက-အစရှိ

သောအားဖြင့် ပြားသောရုပ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်။ ဝါ၊ အနှစ်မရှိ။ ဝါ၊ အလိုသို့မလိုက်တတ်။ ဝါ၊ အတ္တမှဆိတ်၏။ ဝါ၊ မိစ္ဆာဒိဋ္ဌိတို့သည် ကြံအပ်သောအတ္တ၏ ဆန့်ကျင်ဘက်ဖြစ်၏။ (တနည်းကား) အနတ္တာ၊ အလိုသို့မလိုက်ခြင်း သဘော အစိုးမရခြင်းသဘော, ပြုပြင်ခြင်း ခံစားခြင်း ဆောက်တည်ဆုံးဖြတ်ခြင်းမှ ဆိတ်သောသုဘော, မိစ္ဆာဒိဋ္ဌိတို့သည် ကြံအပ်သော အတ္တဘော၏ ဆန့်ကျင်ဘက်ဖြစ်သော သဘော တည်းဟူသော လေးပါးသောအကြောင်းတို့ကြောင့် အနတ္တမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ-သစ္စံ၊ မှန်၏။ ဣဒ္ဓ-ရုပံ၊ ဤကံ, စိတ်, ဥတု, အာဟာရ - တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်သော စတုသမုဋ္ဌာနိက ရုပ်သည်။ ဝါ၊ အချမ်းအပူ အစရှိသော ဝိရောဓိပစ္စည်းတို့ကြောင့် ဖောက်ပြန်တတ်သောရုပ်သည်။ ဝါ၊ အချမ်းအပူအစရှိသော ဝိရောဓိပစ္စည်းတို့သည် ဖောက်ပြန်စေအပ်သော ရုပ်သည်။ ဝါ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက - အစရှိသောအားဖြင့် ပြားသောရုပ်သည်။ အတ္တာ၊ ကိုယ်သည်။ ဝါ၊ အနှစ်ရှိသည်။ ဝါ၊ အလိုသို့ လိုက်တတ်သည်။ ဝါ၊ အစိုးရသည်။ ဝါ၊ အတ္တမှ မဆန့်ကျင်သည်။ ဝါ၊ မိစ္ဆာဒိဋ္ဌိတို့သည် ကြံအပ်သော အတ္တမှ မဆန့်ကျင်သည်။ အဘဝိဿ၊ ဖြစ်ဘိမူကား။ ဣဒံ - ရုပံ၊ ဤစတုသမုဋ္ဌာနိကရုပ်သည်။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက် ချောက်ချားခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်ရာ။ "မေ၊ ငါ၏။ ရူပံ၊ စတုသမုဋ္ဌာနိကရုပ်သည်။ ဧဝံ၊ ဤသို့ အလိုသို့လိုက်ခြင်း

သဘော, အစိုးရခြင်းသဘော, ခံစားပြုပြင်စီရင်ဆုံးဖြတ်ခြင်းမှ မဆိတ်သောသဘော, အတ္တမှ မဆန့်ကျင်သော သဘောဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ ရူပံ၊ စတုသမုဋ္ဌာနိကရုပ်သည်။ ဧဝံ၊ ဤသို့အလိုသို့ မလိုက်ခြင်းသဘော, အစိုးမရခြင်းသဘော, ခံစားပြုပြင်စီရင်ဆုံးဖြတ်ခြင်းမှ ဆိတ်သောသဘော, အတ္တမှဆန့်ကျင်သော သဘောဖြင့်။ မာအဟောသိ၊ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့။ ရူပေ၊ စတုသမုဋ္ဌာနိကရုပ်၌။ ဝသဝတ္တာဒိံ၊ အလိုသို့လိုက်ခြင်း အစရှိသော သဘောကို။ တုမှေ၊ သင်တို့သည်။ လဗ္ဘေထစ-လဗ္ဘေထဧဝ၊ ရကုန်ရာသည်သာတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ၊ အကြင် အလိုသို့မလိုက်ခြင်း အစရှိသော သဘောကြောင့် သာလျှင်။ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်။ အနတ္တာ၊ အနတ္တမည်၏။ တသ္မာ၊ ထိုသို့ အလိုသို့မလိုက်ခြင်း အစရှိသော သဘောကြောင့်။ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက်ချောက်ချားခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့ အလိုသို့လိုက်ခြင်း အစရှိသော သဘောဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့အလိုသို့မလိုက်ခြင်း အစရှိသော သဘောဖြင့်။ မာ အဟောသိ၊ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့။ ရူပေ၊ စတုသမုဋ္ဌာနိက ရုပ်၌။ ဝသဝတ္တာဒိံ၊ အလိုသို့ လိုက်ခြင်း အစရှိသောသဘောကို။ နစလဗ္ဘတိ-န လဗ္ဘတိ ဧဝ၊ မရအပ်သည်သာလျှင်တည်း။

## ၃ –ဝေဒနာက္ခန္ဓာအနတ္တာဖြစ်ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေဒနာ၊ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ–အားဖြင့် ပြားသော စိတ်တခုယုတ်ကိုးဆယ်၌ရှိသော ဝေဒနာတခုယုတ် ကိုးဆယ်သည်။ အနတ္တာ၊ အလိုသို့မလိုက်ခြင်း သဘော, အစိုးမရခြင်း သဘော, ပြုပြင်ခြင်း ခံစားခြင်း ဆောက်တည်ဆုံးဖြတ်ခြင်းမှ ဆိတ်သောသဘော, မိစ္ဆာဒိဋ္ဌိတို့သည် ကြံအပ်သော အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတည်းဟူသောလေးပါးသောအကြောင်းတို့ကြောင့် အနတ္တမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ–သစ္စံ၊ မှန်၏။ ဣဒံ–အယံဝေဒနာ၊ ဤဝေဒနာသည်။ အတ္တာ၊ အလိုသို့လိုက်ခြင်းစသောသဘောကြောင့် အတ္တမည်သည်။ အဘဝိဿ၊ ဖြစ်ဘိမူကား။ ဣဒံ–အယံဝေဒနာ၊ ဤ သုခစသော ဝေဒနာသည်။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက်ချောက်ချားခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်ရာ။ "မေ၊ ငါ၏။ ဝေဒနာ၊ သုခစသောဝေဒနာသည်။ ဧဝံ၊ ဤသို့ အလိုသို့ လိုက်ခြင်းစသောသဘောဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ ဝေဒနာ၊ သုခစသော ဝေဒနာသည်။ ဧဝံ၊ ဤသို့ အလိုသို့ မလိုက်ခြင်းစသော သဘောဖြင့်။ မာအဟောသိ၊ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့။ ဝေဒနာယ၊ သုခစသော ဝေဒနာ၌။ ဝသဝတ္တာဒိံ၊ အလိုသို့လိုက်ခြင်းစသော သဘောကို။ တုမှေ၊ သင်တို့သည်။ လဗ္ဘေထစ–လဗ္ဘေထဝေ၊ ရကုန်ရာသည်သာတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ စခေါ၊ အကြင်အလိုသို့မလိုက်ခြင်း စသော သဘောကြောင့်သာလျှင်။ ဝေဒနာ၊

သုခစသော ဝေဒနာသည်။ အနတ္တာ၊ အနတ္တမည်၏။ တသ္မာ၊ ထိုသို့အလိုသို့ မလိုက်ခြင်းစသော သဘောကြောင့်။ ဝေဒနာ၊ သုခစသော ဝေဒနာသည်။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက် ချောက်ချားခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာသည်၊ ဧဝံ၊ ဤသို့အလိုသို့လိုက်ခြင်းစသော သဘော ဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ ဝေဒနာ၊ဝေဒနာ သည်။ ဧဝံ၊ ဤသို့အလိုသို့ မလိုက်ခြင်းစသော သဘောဖြင့်။ မာအဟောသိ၊ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့။ ဝေဒနာယ၊ သုခစသော ဝေဒနာ၌။ ဝသဝတ္တာဒိံ၊ အလိုသို့လိုက်ခြင်း စသောသဘောကို။ နစ လဗ္ဘတိ-နလဗ္ဘတိဧဝ၊ မရအပ်သည် သာလျှင်တည်း။

---

## ၄-သညာက္ခန္ဓာအနတ္တာဖြစ်ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ သညာ၊ စိတ်တခုယုတ်ကိုးဆယ် ၌ရှိသော သညာသည်။ အနတ္တာ၊ အလိုသို့ မလိုက်ခြင်း စသော သဘောကြောင့် အနတ္တမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ-သစ္စံ၊ မှန်၏။ ဣဒံ-အယံသညာ၊ ဤသညာသည်။ အတ္တာ၊ အလိုသို့လိုက်ခြင်း စသောသဘော ဖြင့် အတ္တမည်သည်။ အဘဝိဿ၊ ဖြစ်ဘိ မူကား။ ဣဒံ-အယံ သညာ၊ ဤသညာသည်။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက် ချောက်ချားခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်ရာ။ "မေ၊ ငါ ၏။ သညာ၊ သညာသည်။ ဧဝံ၊ ဤသို့ အလိုသို့ လိုက်ခြင်း စသော သဘောဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ၊ ဤသို့အလိုသို့ မလိုက်-

ခြင်းစသော သဘောဖြင့်။ မာ အဟောသိ၊ မဖြစ်စေလင့်”။ ဣတိ၊ဤသို့။ သညာယ၊ သညာ၌။ ဝသဝတ္တာဒိ ၊အလိုသို့လိုက်ခြင်းစသောသဘောကို။ တုမှေ၊ သင်တို့သည်။ လဗ္ဘေထစ–လဗ္ဘေထဧဝ၊ ရကုန်ရာသည် သာတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ စခေါ၊ အကြင် အလိုသို့ မလိုက်ခြင်း စသောသဘောကြောင့်သာလျှင်။ သညာ၊ သညာသည်။ အနတ္တာ၊ အနတ္တမည်၏။ တသ္မာ၊ ထိုသို့ အလိုသို့ မလိုက်ခြင်း စသော သဘောကြောင့်။ သညာ၊ သညာသည်။ အာဗာဓာယ၊ စိတ်ကိုမွေနှောက် ချောက်ချားခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ “မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ၊ ဤသို့အလိုသို့လိုက်ခြင်းစသော သဘောဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ငါ၏။ သညာ၊ သညာသည်။ ဧဝံ၊ ဤသို့ အလိုသို့ မလိုက်ခြင်းစသော သဘောဖြင့်။ မာအဟောသိ၊ မဖြစ်စေလင့်”။ ဣတိ၊ဤသို့။ သညာယ၊ သညာ၌။ ဝသဝတ္တာဒိ၊ အလိုသို့ လိုက်ခြင်းစသောသဘောကို။ န စ လဗ္ဘတိ–န လဗ္ဘတိဧဝ၊ မရအပ်သည်သာလျှင်တည်း။

---

## ၅–သင်္ခါရက္ခန္ဓာအနတ္တဖြစ်ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခါရာ၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက်ငါးဆယ်ဟု ဆိုအပ်သော သင်္ခါရတို့သည်။ အနတ္တာ၊ အလိုသို့မလိုက်ခြင်းစသော သဘောကြောင့် အနတ္တာမည်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ–သစ္စံ၊မှန်၏။ ဣဒံ–ဣမေ သင်္ခါရာ၊ ဤဝေဒနာ, သညာမှ ကြွင်းသော စေတသိက်ငါးဆယ်ဟု ဆို

အပ်သောသခ်ါရတို့သည်။ အတ္တာ၊ အလိုသို့လိုက်ခြင်းစသော သဘောကြောင့် အတ္တမည်ကုန်သည်။ အဘာဝိဿံသု၊ ဖြစ်ကုန် ဘိမ္မကား။ ဣဒံ-ဤမေ သခ်ါရာ၊ ဤစေတသိက်ငါးဆယ်ဟု ဆို အပ်သော သခ်ါရတို့သည်။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက် ချောက်ချားခြင်းငှာ။ နသံဝတ္တေယျုံ၊ မဖြစ်ကုန်ရာ။ "မေငါ ၏။ သခ်ါရာ၊ စေတသိက်ငါးဆယ်ဟု ဆိုအပ်သော သခ်ါရတို့ သည်။ ဧဝံ၊ ဤသို့ အလိုသို့လိုက်ခြင်းစသော သဘောဖြင့်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ မေငါ၏။ သခ်ါရာ၊ သခ်ါရတို့ သည်။ ဧဝံ၊ ဤသို့ အလိုသို့မလိုက်ခြင်းစသော သဘောဖြင့်။ မာအဟေသုံ၊မဖြစ်စေကုန်လင့်"။ ဣတိ၊ ဤသို့။ သခ်ါရေသု၊ စေတသိက် ငါးဆယ်ဟု ဆိုအပ်သော သခ်ါရတို့၌။ ဝသ- ဝတ္တာဒိံ၊ • အလိုသို့လိုက်ခြင်းစသော သဘောကို။ တုမှေ၊ သင် တို့သည်။ လဗ္ဘေထစ-လဗ္ဘေထဧဝ၊ ရကုန်ရာသည်သာတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ၊ အကြင်အလိုသို့ မလိုက်ခြင်းစသောသဘောကြောင့်သာလျှင်။ သခ်ါရာ၊ သခ်ါရ တို့သည်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ တသ္မာ၊ ထိုသို့ အလို သို့မလိုက်ခြင်းစသော သဘောကြောင့်။ သခ်ါရာ၊ သခ်ါရ တို့သည်။ အာဗာဓာယ၊စိတ်ကို မွေ့နှောက် ချောက်ချားခြင်း ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ "မေ၊ ငါ၏။ သခ်ါရာ၊ သခ်ါရတို့ သည်။ ဧဝံ၊ ဤသို့ အလိုသို့လိုက်ခြင်းစသော သဘောဖြင့်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ မေ၊ ငါ၏။ သခ်ါရာ၊ သခ်ါရ တို့သည်။ ဧဝံ၊ ဤသို့ အလိုသို့ ·မလိုက်ခြင်းစသော သဘော ဖြင့်။ မာအဟေသုံ၊ မဖြစ်စေကုန်လင့်"။ ဣတိ၊ဤသို့၊ သခ်ါရေ သု၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက်ငါးဆယ်ဟု ဆို

အပ်သော သခ်ါရတို့၌။ ဝသဝတ္တာဒိ၊ အလိုသို့လိုက်ခြင်း စသောသဘောကို။ နစ လဗ္ဘတိ-နလဗ္ဘတိဝေ၊ မရအပ်သည် သာလျှင်တည်း။

---

## ၆ - ဝိညာဏက္ခန္ဓာအနုတ္တဖြစ်ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏံ၊ စိတ်တခုယုတ် ကိုးဆယ် ဟုဆိုအပ်သော ဝိညာဉ်သည်။ အနတ္တာ၊ အလိုသို့ မလိုက် ခြင်းစသောသဘောကြောင့် အနတ္တမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ဟိ-သစ္စံ၊ မှန်၏။ ဣဒံ-ဝိညာဏံ၊ စိတ် တခုယုတ်ကိုးဆယ်ဟု ဆိုအပ်သော ဤဝိညာဉ်သည်။ အတ္တာ၊ အလိုသို့လိုက်ခြင်းစသော သဘောကြောင့် အတ္တမည်သည်။ အဘဝိဿ၊ ဖြစ်ဘိမူကား။ ဣဒံ-ဝိညာဏံ၊ ဤစိတ်တခုယုတ် ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဉ်သည်။ အာဗာဓာယ၊ စိတ်ကိုမွေနှောက်ချောက်ချားခြင်းငှာ၊ နသံဝတ္တေယျ၊ မဖြစ် ရာ။ "မေ၊ ငါ၏။ ဝိညာဏံ။ ဝိညာဉ်သည်၊ ဧဝံ၊ ဤသို့အလို သို့လိုက်ခြင်းစသောသဘောဖြင့်။ ဟောတု၊ ဖြစ်စေဆတည်း။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ၊ ဤသို့အလိုသို့ မလိုက် ခြင်းစသော သဘောဖြင့်။ မာအဟောသိ၊ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့။ ဝိညာဏေ၊ ဝိညာဉ်၌။ ဝသဝတ္တာဒိ၊ အလိုသို့ လိုက်ခြင်းစသော သဘောကို။ တုမှေ၊ သင်တို့သည်။ လဗ္ဘေထစ-လဗ္ဘေထဝေ၊ ရကုန်ရာသည်သာတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ၊ အကြင်အလိုသို့ မလိုက်ခြင်းစသော သဘောကြောင့်သာလျှင်။ 'ဝိညာဏံ၊ ဝိညာဉ်သည်။ အနတ္တာ၊ အနတ္တမည်၏။ တသ္မာ၊ ထိုသို့အလို

သို့မလိုက်ခြင်းစသော သဘောကြောင့်။ ဝိညာဏံ၊ ဝိညာဉ်သည်။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက်ချောက်ချားခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ၊ ဤသို့ အလိုသို့လိုက်ခြင်းစသော သဘောဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ၊ ဤသို့အလိုသို့မလိုက်ခြင်း စသောသဘောဖြင့်။ မာအဟောသိ၊ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့။ ဝိညာဏေ၊ စိတ်တခုယုတ်ကိုးဆယ်ဟု ဆိုအပ်သောဝိညာဉ်၌။ ဝသဝတ္တာဒိံ၊ အလိုသို့လိုက်ခြင်းစသော သဘောကို။ န စလဗ္ဘတိ- န လဗ္ဘတိဧဝ၊ မရအပ်သည်သာလျှင်တည်း။

---

## ၇-ရူပက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်၊ ဝုစ္စမာနံ ဟောတော်မူအပ်လတ္တံ့သော။ ယံ - ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံ-ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်တို့သည်။ ကိံ၊ အဘယ်သို့လျှင်။ မညထ၊ အောက်မေ့ကြကုန်သနည်း။ ရူပံ၊ အတိတ်, အနာဂတ်-စသောအားဖြင့်ပြားသော စတုသမုဋ္ဌာနိက ရုပ်သည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ရူပံ၊ အတိတ်, အနာဂတ်စသောအားဖြင့်ပြားသော စတုသမုဋ္ဌာနိက ငုပ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟုတွာ၊ အကြောင်း၏ ညီညွတ်ခြင်းကြောင့်ဖြစ်၍။ ဘင်္ဂုပဂမနေန၊ ဘင်သို့ရောက်သဖြင့်။ နဟောတိ၊ မထင်။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စံ၊ မမြဲ။ (တနည်းကား) ဘန္တေ၊

အရှင်ဘုရား။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ ဖြစ်ခြင်းပျက်ခြင်းရှိသည်၏အဖြစ်, တခဏမျှ ဖြစ်သည်၏အဖြစ်, ဘောက်ပြန်ခြင်းရှိသည်၏အဖြစ်, မြဲသောသဘောကို ပယ်တတ်သည်၏အဖြစ်တည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့်အနိစ္စမည်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

ယံပန- ရူပံ၊ အကြင် အတိတ်အစရှိသော အားဖြင့်ပြားသော စတုသမုဋ္ဌာနိကရုပ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟုတွာ၊ အကြောင်း၏ညီညွတ်ခြင်းကြောင့်ဖြစ်၍။ ဘင်္ဂုပဂမနေန၊ ဘင်သို့ရောက်သဖြင့်။ နဟောတိ၊ မထင်။ တသ္မာ၊ ထိုကြောင့်။ အနိစ္စံ၊ မမြဲ။ တံရူပံ၊ ထိုမမြဲသောရုပ်သည်။ ဒုက္ခံဝါ၊ ဒုက္ခလော။သုခံဝါ၊ သုခလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ရူပံ၊ ရုပ်သည်။ပဋိပီဠနာကာရေန၊ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဖြင့်မပြတ်နှိပ်စက်အပ်သောအခြင်းအရာအားဖြင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ (တနည်းကား) ရူပံ၊ ရုပ်သည်။ ဒုက္ခံ၊ ပူလောင်ခြင်းသဘော, သည်းခံနိုင်ခဲသောသဘော, ဒုက္ခ၏တည်ရာသဘော, သုခကို ပယ်တတ်သောသဘောတည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့် ဒုက္ခမည်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

ယံပန-ရူပံ၊ အကြင်သို့သဘောရှိသောရုပ်သည်။ အနိစ္စံ၊ ဖြစ်ပြီး၍ ပျက်ခြင်းကြောင့် အနိစ္စမည်၏။ ဒုက္ခံ၊ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်အပ်သော အခြင်းအရာအားဖြင့် ဒုက္ခမည်၏။ ဝိပရိဏာမဓမ္မံ၊ ဇရာမရဏဖြင့်ဘောက်ပြန်ပျက်စီးတတ်သော သဘောရှိ၏။ တံ-ရူပံ၊ ထိုအနိစ္စ,ဒုက္ခ,

ဝိပရိဏာမဓမ္မဖြစ်သောရုပ်ကို။ တော၊ ဤရုပ်သည်။ မေ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဣတိ၊ ဤသို့။ တဏှာဂါဟဝသေနဝါ၊ တဏှာဖြင့်စွဲလမ်းခြင်း၏ အစွမ်းအားဖြင့်ငင်း။ သော၊ ဤရုပ်သည်။ အဟံအာသ္မိ၊ ငါဖြစ်၏။ ဣတိ၊ ဤသို့။ မာနဂါဟဝသေနဝါ၊ မာနဖြင့်စွဲလမ်းခြင်း၏အစွမ်းအားဖြင့်ငင်း။ သော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်ခြင်းစသော သဘောရှိသော ကိုယ်ပင်တည်း။ ဣတိ၊ ဤသို့။ ဒိဋ္ဌိဂါဟဝသေနဝါ၊ မိစ္ဆာဒိဋ္ဌိဖြင့်စွဲလမ်းခြင်း၏ အစွမ်းဖြင့်ငင်း။ ဣတိ၊ ဤသို့။ ဣမေသံတိဏ္ဏံဂါဟာနံ၊ ဤသုံးပါးသော စွဲလမ်းခြင်းတို့၏။ ဝသေန၊ အစွမ်းဖြင့်။ သမနုပဿိတုံ၊ ရှုခြင်းငှာ။ (တနည်းကား) သမနုပဿိတုံ – သမနုပဿနံ၊ ရှုခြင်းသည်။ ကလ္လံနု၊ သင့်ကောင်းအံ့လော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ တံ – ရူပံ၊ ဤအနိစ္စ, ဒုက္ခ, ဝိပရိဏာမဓမ္မ ဖြစ်သောရုပ်ကို။ ဧဝံ၊ ဤသို့တဏှာ, မာန, ဒိဋ္ဌိဂါဟ၏ အစွမ်းဖြင့်စွဲလမ်းသုံးသပ်၍။ သမနုပဿိတုံ၊ ရှုခြင်းငှာ။ နောဟိကလ္လံ၊ မသင့်ပါ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

---

ဂ-၁၁-နာမက္ခန္ဓာ ၄-ပါး၌ လက္ခဏာရေး ၃-ပါး

ဝေဒနာ၊ သုခစသောဝေဒနာသည်....။ ။သညာ၊ သညာစေတသိက်ဟု ဆိုအပ်သော သညာသည်....။ ။သင်္ခါရာ၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက်ငါးဆယ်ဟု ဆိုအပ်ကုန်သော သင်္ခါရတို့သည် ....။ ဝိညာဏံ၊ စိတ်တခုယုတ်ကိုးဆယ်ဟုဆိုအပ်သော ဝိညာဉ်သည်။ နိစ္စံဝါ၊ မြဲသလော။

အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ယသ္မာ၊ အကြင်ကြောင့်။ ဟုတွာ၊ အကြောင်း၏ ညီညွတ်ခြင်းကြောင့် ဖြစ်၍။ ဘဂ္ဂပဂမနေန၊ ဘင်သို့ ရောက်သဖြင့်။ န ဟောတိ၊ မထင်။ တသ္မာ၊ ထိုကြောင့်။ အနိစ္စံ၊ မမြဲပါ။ (တနည်းကား) အနိစ္စံ၊ ဖြစ်ခြင်း ပျက်ခြင်းရှိသည်၏အဖြစ်, တခဏမျှ ဖြစ်သည်၏ အဖြစ်, ဘောက်ပြန်ခြင်း ရှိသည်၏ အဖြစ်, မြဲသောသဘောကို ပယ်တတ်သည်၏ အဖြစ်တည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့် အနိစ္စမည်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

ယံ ပန-ဝေဒနာ သညာ သင်္ခါရ ဝိညာဏံ၊ အကြင်ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟုတွာ၊ အကြောင်း၏ ညီညွတ်ခြင်းကြောင့် ဖြစ်၍။ ဘဂ္ဂပဂမနေန၊ ဘင်သို့ရောက်သဖြင့်။ န ဟောတိ၊ မထင်၊ တသ္မာ၊ ထိုကြောင့်။ အနိစ္စံ၊ မမြဲ။ တံဝေဒနာ သညာ သင်္ခါရ ဝိညာဏံ၊ ထိုဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်။ ဒုက္ခံဝါ၊ ဒုက္ခလော။ သုခံဝါ၊ သုခလော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ပဋိပီဠနာကာရေန၊ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်အပ်သော အခြင်းအရာ အားဖြင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ (တနည်းကား)ဒုက္ခံ၊ ပူလောင်ခြင်းသဘော, သည်းမခံနိုင်ခြင်းသဘော, ဒုက္ခ၏ တည်ရာသဘော, သုခကိုပယ်တတ်သော သဘောတည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့် ဒုက္ခမည်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

ယံ ပန-ဝေဒနာ သညာ သင်္ခါရ ဝိညာဏံ၊ အကြင် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်။ အနိစ္စံ၊ ဖြစ်ပြီး၍ ပျက်ခြင်းကြောင့် အနိစ္စမည်၏။ ဒုက္ခံ၊ ဖြစ်ခြင်းရင့်ခြင်း ပျက်ခြင်းဖြင့် မပြတ် နှိပ်စက်အပ်သော အခြင်းအရာ အားဖြင့် ဒုက္ခမည်၏။ ဝိပရိဏာမဓမ္မံ၊ ဇရာမရဏဖြင့် ဘောက်ပြန် ပျက်စီးတတ်သောသဘောရှိ၏။ တံ-ဝေဒနာသညာသင်္ခါရ ဝိညာဏံ၊ ထိုဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ကို။ ဧတံ၊ ဤဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်။ မေ၊ ငါ၏။ သန္တကံ ဥစ္စာတည်း။ ဣတိ၊ ဤသို့။ တဏှာဂါဟဝသေန ဝါ၊ တဏှာဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်ရှင်း၊ ဧသော၊ ဤဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မာနဂါဟဝသေန ဝါ၊ မာနဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်ရှင်း။ ဧသော၊ ဤဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်ခြင်းစသော သဘောရှိသော ကိုယ်ပင်တည်း။ ဣတိ၊ ဤသို့။ ဒိဋ္ဌိဂါဟဝသေန ဝါ၊ မိစ္ဆာဒိဋ္ဌိဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်ရှင်း။ ဣတိ-ဣမေသံ တိဏ္ဏံ ဂါဟာနံ၊ ဤသုံးပါးသော စွဲလမ်းခြင်း တို့၏။ ဝသေန၊ အစွမ်းဖြင့်။ သမနုပဿိတုံ၊ ရှုခြင်းငှာ။ ဝါ၊ သမနုပဿိတုံ-သမနုပဿနံ၊ ရှုခြင်းသည်။ ကလ္လံနု၊ သင့်ကောင်း အံ့လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ကို။ ဧဝံ၊ ဤသို့ တဏှာ, မာန, ဒိဋ္ဌိဂါဟ၏ အစွမ်းဖြင့် စွဲလမ်းသုံးသပ်၍။ သမနုပဿိတုံ၊ ရှုခြင်းငှာ။ နောဟိကလ္လံ၊ မသင့်ပါ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

## ၁၂–ရုပ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာ၊ ထိုသို့ ခန္ဓာငါးပါးတို့၏ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သောကြောင့်။

အတီတာနာဂတပစ္စုပ္ပန္နံ၊ အဒ္ဓါ့, အစဉ့်, ကာလ ခဏ၏ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော။

အဇ္ဈတ္တံဝါ၊ စက္ခုစသော ပသာဒရုပ် ငါးခုဟု ဆိုအပ်သော အဇ္ဈတ္တလည်း ဖြစ်သော။ ဝါ၊ မိမိ သန္တာန်၌ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်၍ အဇ္ဈတ္တလည်းဖြစ်သော။ ဗဟိဒ္ဓါဝါ၊ ပသာဒရုပ် ငါးခုမှကြွင်းသော ရုပ်ဟု ဆိုအပ်သော ဗဟိဒ္ဓလည်း ဖြစ်သော။ ဝါ၊ တပါးသော ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်၍ ဗဟိဒ္ဓလည်း ဖြစ်သော။

ဩဠာရိကံဝါ၊ ပသာဒရုပ်ငါးခု, ဝိသယရုပ် ခုနစ် ခုဟု ဆိုအပ်သော ဩဠာရိကလည်း ဖြစ်သော။ သုခုမံ ဝါ၊ ထိခိုက်ခြင်း အစွမ်းဖြင့် မယူအပ်သည် ဖြစ်၍ သိမ်မွေ့သည်လည်း ဖြစ်သော။

ဟီနံဝါ၊ အောက်အောက်သော ဘုံ၌ ဖြစ်သည် ဖြစ်၍ ယုတ်သည်လည်းဖြစ်သော။ ဝါ၊ အကုသလ ဝိပါက် ဖြစ်ရာ အနိဋ္ဌာရုံ ဖြစ်၍ ယုတ် သည် လည်း ဖြစ်သော။ ပဏီတံဝါ၊ အထက် အထက်သော ဘုံ၌ ဖြစ်၍ မြတ်သည်လည်း ဖြစ်သော။ ဝါ၊ ကုသလ ဝိပါက်ဖြစ်ရာ ဣဋ္ဌာရုံဖြင့်၍ မြတ်သည်လည်း ဖြစ်သော။

ဒူရေဝါ၊ သိမ်မွေ့သည်ဖြစ်၍ သိနိုင်ခဲသော သဘော ကြောင့် ဒူရလည်းဖြစ်သော။ ဝါ၊ အဝေး၌ဖြစ်၍ ဒူရလည်းဖြစ်သော။ သန္တိကေဝါ၊ ဩဠာရိက ဖြစ်၍ သိလွယ်သော သဘောကြောင့် သန္တိကလည်း ဖြစ်သော။ ဝါ၊ အနီး၌ဖြစ်၍ သန္တိကလည်း ဖြစ်သော။

ယံကိဉ္စိ၊ အကြွင်းမရှိ အလုံးစုံသော။ ယံ-ရူပံ၊ အကြင်ရုပ် သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ-ရူပံ၊ ထိုရုပ်ကို။ ဧတံ၊ ဤရုပ်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဣတိ၊ ဤသို့။ တဏှာဂါဟဝသေန ဝါ၊ တဏှာဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်လည်း န ဒဋ္ဌဗ္ဗံ၊ မရှုအပ်။ ဧသော၊ ဤရုပ်သည်။ အဟံ-အသ္မိ၊ ငါဖြစ်၏။ ဣတိ၊ ဤသို့။ မာနဂါဟဝသေန ဝါ၊ မာနဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်လည်း။ နဒဋ္ဌဗ္ဗံ၊ မရှုအပ်။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်တည်း။ ဣတိ၊ ဤသို့။ ဒိဋ္ဌိဂါဟဝသေန ဝါ၊ မိစ္ဆာဒိဋ္ဌိဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်လည်း။ န ဒဋ္ဌဗ္ဗံ၊ မရှုအပ်။ ဣတိ၊ ဤသို့။ ဧတံ-ရူပံ၊ ဤရုပ်ကို။ ဧဝံ၊ ဤသို့-အနိစ္စ, ဒုက္ခ, အနတ္တဟူ၍။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်မှန်တိုင်း။ သမ္မပ္ပညာယ၊ ဝိပဿနာဉာဏ်နှင့် တကွသော မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

---

### ၁၃-ဝေဒနာတရားကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အစဉ်၏ အစွမ်း, ကာလ၏ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော။

အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌ ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏ဥစ္စာဖြစ်၍အဇ္ဈတ္တလည်း ဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ တပါးသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်၍ ဗဟိဒ္ဓလည်း ဖြစ်သော။

ဩဠာရိကာ ဝါ၊ ဇာတ်, သဘော, ပုဂ္ဂိုလ်, လောကီ, လောကုတ္တရာ, ဩကာသ, ဝတ္ထု-အားဖြင့် ရုန့်ရင်းသည် လည်း ဖြစ်သော။ သုခုမာ ဝါ၊ ဇာတ်, သဘော, ပုဂ္ဂိုလ်, လောကီ, လောကုတ္တရာ, ဩကာသ, ဝတ္ထု-အားဖြင့် သိမ်မွေ့သည်လည်းဖြစ်သော။

ဟီနာ ဝါ၊ ဩဠာရိက ဖြစ်၍ ယုတ်သည်လည်းဖြစ်သော။ ပဏီတာ ဝါ၊ သုခုမ ဖြစ်၍ မြတ်သည်လည်းဖြစ်သော။

ဒူရေ ဝါ၊ အကုသိုလ် ဝေဒနာသည် ကုသိုလ် အဗျာကတ ဝေဒနာနှင့်, ကုသိုလ်အဗျာကတ ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် ဝိသဘာဂ စသော အကြောင်းကြောင့် ဝေးသည်လည်း ဖြစ်သော။ သန္တိကေ ဝါ၊ အကုသိုလ်အချင်းချင်း၊ ကုသိုလ်, အဗျာကတ အချင်းချင်း ဖြစ်၍ သဘာဂ စသော အကြောင်းကြောင့် နီးသည် လည်း ဖြစ်သော။

ယာ-ကာစိ၊ အကြွင်းမရှိ အလုံးစုံသော။ ယာ-ဝေဒနာ၊ အကြင်ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗာ၊ အလုံးစုံသော။ ဝေဒနာ၊ ဝေဒနာကို။ တေံ၊ ဤဝေဒနာသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာ တည်း။ ဣတိ၊ ဤသို့။ တဏှာဂါဟဝသေန ဝါ၊ တဏှာဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်လည်း။ နဒဋ္ဌဗ္ဗာ၊ မရှုအပ်။ သော၊ ဤဝေဒနာ

သည်။အဟံ-အသ္မိ၊ငါဖြစ်၏။ဣတိ၊ဤသို့။မာနဂါဟဝသေန၀ါ၊ မာနဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်လည်း။ နဒဋ္ဌဗ္ဗာ၊ မရှုအပ်။ သော၊ဤဝေဒနာသည်။ မေ၊ငါ၏။ အတ္တာ၊ အလိုသို့ လိုက်ခြင်း စသောသဘောရှိသော ကိုယ်တည်း။ ဣတိ၊ ဤသို့။ ဒိဋ္ဌိဂါဟ-ဝသေန၀ါ၊ မိစ္ဆာဒိဋ္ဌိဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့်လည်း။ နဒဋ္ဌဗ္ဗာ၊မရှုအပ်။ ဣတိ၊ ဤသို့။ တေ၊ ဤဝေဒနာကို။ဧဝံ၊ ဤသို့ အနိစ္စ,ဒုက္ခ, အနတ္တဟူ၍။ ယထာဘူတံ၊မဖောက်မပြန် ဟုတ်မှန်တိုင်း။ သမ္မပ္ပညာယ၊ ဝိပဿနာဉာဏ်နှင့်တကွသော မဂ်ပညာဖြင့် ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

---

## ၁၄-သညာတရားကို တဏှာ, မာန, ဒိဋ္ဌိ ဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

အတီတာနာဂတပစ္စုပ္ပန္နာ၊ အစဉ်၏အစွမ်း, ခဏ၏ အစွမ်းဖြင့် အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော။

အဇ္ဈတ္တံ၀ါ၊ မိမိသန္တာန်၌ ဖြစ်၍ အဇ္ဈတ္တလည်းဖြစ်သော။ဗဟိဒ္ဓါ၀ါ၊သူတပါးသန္တာန်၌ ဖြစ်၍ ဗဟိဒ္ဓလည်း ဖြစ်သော။

ဩဠာရိကာ၀ါ၊ ဇာတ်, သဘော, ပုဂ္ဂိုလ်, လောကီ, လောကုတ္တရာ, ဩကာသ, ၀တ္ထု-အားဖြင့် ရုန့်ရင်းသည်လည်း ဖြစ်သော။ သုခုမာ၀ါ၊ ဇာတ်, သဘော, ပုဂ္ဂိုလ် လောကီ,လောကုတ္တရာ, ဩကာသ, ၀တ္ထု-အား ဖြင့် သိမ်မွေ့သည်လည်းဖြစ်သော။

ဟီနာဝါ၊ ဩဠာရိက ဖြစ်၍ ယုတ်သည်လည်းဖြစ်သော။ ပဏီတာဝါ၊ သုခုမ ဖြစ်၍ မြတ်သည်လည်း ဖြစ်သော။

ဒူရေဝါ၊ အကုသိုလ်သညာသည် ကုသိုလ်, အဗျာကတသညာနှင့်၊ ကုသိုလ်, အဗျာကတ သညာသည် အကုသိုလ်သညာနှင့် ဝိသဘာဂ စသော အကြောင်းကြောင့် ဝေးသည်လည်း ဖြစ်သော။ သန္တိကေဝါ၊ အကုသိုလ်အချင်းချင်း၊ ကုသိုလ်အဗျာကတ အချင်းချင်း ဖြစ်၍ သဘာဂ စသော အကြောင်းကြောင့် နီးသည်လည်း ဖြစ်သော။

ယာ-ကာစိ၊ အလုံးစုံသော။ သညာ၊ သညာသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗာ၊ အလုံးစုံသော။ သညာ၊ သညာသည်။ တော၊ ဤသညာသည်။ မမ၊ ငါ၏။ နသန္တကာ၊ ဥစ္စာမဟုတ်။ ဧသော၊ ဤသညာသည်။ န အဟံ-အသ္မိ၊ ငါမဖြစ်။ ဧသော၊ ဤသညာသည်။မေ၊ငါ၏။ အနတ္တာ၊အလိုသို့ မလိုက်ခြင်း စသော သဘောကြောင့် ကိုယ်မဟုတ်။ဣတိ၊ဤသို့။တော၊ဤသညာကို။ဧဝံ၊ ဤသို့ အနိစ္စ,ဒုက္ခ,အနတ္တ ဟူ၍။ ယထာဘူတံ၊ မဘောက်မပြန် ဟုတ်မှန်တိုင်း။သမ္မပ္ပညာယ၊ ဝိပဿနာဉာဏ်နှင့်တကွသော မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

---

## ၁၅-သင်္ခါရတရားတို့ကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

အတီတာနာဂတပစ္စုပ္ပန္နာ၊ အစဉ်၏ အစွမ်း, ခဏ၏ အစွမ်းဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်ကုန်သော။

အဇ္ဈတ္တံဝါ၊ မိမိ သန္တာန်၌ ဖြစ်၍ အဇ္ဈတ္တလည်း ဖြစ်ကုန်သော။ ဗဟိဒ္ဓါဝါ၊ သူတပါးသန္တာန်၌ဖြစ်၍ ဗဟိဒ္ဓလည်း ဖြစ်ကုန်သော။

ဩဠာရိကာဝါ၊ ဇာတ်, သဘော, ပုဂ္ဂိုလ်, လောကီ, လောကုတ္တရာ, ဩကာသ, ဝတ္ထု-အားဖြင့် ရုန့်ရင်းသည်လည်း ဖြစ်ကုန်သော။ သုခုမာဝါ၊ ဇာတ်, သဘော, ပုဂ္ဂိုလ်,လောကီ,လောကုတ္တရာ,ဩကာသ,ဝတ္ထု အားဖြင့် သိမ်မွေ့သည်လည်း ဖြစ်ကုန်သော။

ဟီနာဝါ၊ဩဠာရိကဖြစ်၍ ယုတ်သည်လည်း ဖြစ်ကုန်သော။ပဏီတာဝါ၊သုခုမဖြစ်၍ မြတ်သည်လည်း ဖြစ်ကုန်သော။

ဒူရေဝါ၊ အကုသိုလ် သင်္ခါရတို့သည် ကုသိုလ်,အဗျာကတသင်္ခါရတို့နှင့်၊ကုသိုလ်, အဗျာကတ သင်္ခါရတို့သည် အကုသိုလ်သင်္ခါရတို့နှင့် ဝိသဘာဂ စသော အကြောင်းကြောင့် ဝေးသည်လည်း ဖြစ်ကုန်သော။ သန္တိကေဝါ၊ အကုသိုလ်အချင်းချင်း၊ကုသိုလ်,အဗျာကတ အချင်းချင်း ဖြစ်၍,သဘာဂစသောအကြောင်းကြောင့် နီးသည်လည်း ဖြစ်ကုန်သော။

ယေ-ကေစိ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧတံ၊ ဤသင်္ခါရသည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ ဧသော၊ ဤသင်္ခါရသည်။ နအဟံ-အသ္မိ၊ ငါမဖြစ်။ ဧသော၊ ဤသင်္ခါရသည်။ မမ၊ ငါ၏။ နအတ္တာ၊အလိုသို့မလိုက်ခြင်း စသော သဘောကြောင့် ကိုယ်မဟုတ်။ ဣတိ၊ ဤသို့။

ဇော်၊ ဤသခ်ါအပေါင်းကို။ ဧဝံ၊ ဤသို့အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍။ ယထာဘူတံ၊ မဘောက်မပြန်ဟုတ်မှန်တိုင်း၊ သမ္မပ္ပညာ-ယ၊ ဝိပဿနာဉာဏ်နှင့် တကွသော မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

---

## ၁၆-ဝိညာဉ်တရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

အတီတာနာဂတပစ္စုပ္ပန္နံ၊ အစဉ်၏အစွမ်း, ခဏ၏ အစွမ်းဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော။

အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌ ဖြစ်၍ အဇ္ဈတ္တလည်း ဖြစ်သော။ ဗဟိဒ္ဓါဝါ၊ သူတပါးသန္တာန်၌ဖြစ်၍ ဗဟိဒ္ဓ လည်းဖြစ်သော။

ဩဠာရိကံဝါ၊ ဇာတ်,သဘော, ပုဂ္ဂိုလ်, လောကီ, လောကုတ္တရာ, ဩကာသ, ဝတ္ထု-အားဖြင့် ရုန့်ရင်း သည်လည်းဖြစ်သော။ သုခုမံဝါ၊ ဇာတ်, သဘော, ပုဂ္ဂိုလ်, လောကီ, လောကုတ္တရာ, ဩကာသ, ဝတ္ထု-အားဖြင့် သိမ်မွေ့သည်လည်းဖြစ်သော။

ဟီနံဝါ၊ ဩဠာရိက ဖြစ်၍ ယုတ်သည်လည်းဖြစ် သော။ ပဏီတံဝါ၊ သုခုမဖြစ်၍ မြတ်သည်လည်း ဖြစ်သော။

ဒူရေဝါ၊ အကုသိုလ်ဝိညာဉ်သည် ကုသိုလ်, အဗျာကတဝိညာဉ်နှင့် ကုသိုလ်, အဗျာကတ ဝိညာဉ်သည် အကုသိုလ်ဝိညာဉ်နှင့် ဝိသဘာဂစသော အကြောင်း ကြောင့် ဝေးသည်လည်း ဖြစ်သော။ သန္တိကေဝါ၊

အကုသိုလ် အချင်းချင်း ကုသိုလ်, အဗျာကတအချင်းချင်းဖြစ်၍ သဘာဂစသော အကြောင်းကြောင့် နီးသည်လည်းဖြစ်သော။

ယံကိဉ္စိ၊ အလုံးစုံသော။ ဝိညာဏံ၊ ဝိညာဉ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝိညာဏံ၊ ဝိညာဉ်သည်။ တံ၊ ထိုဝိညာဉ်သည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ ဧသော၊ ထိုဝိညာဉ်သည်။ န အဟံ-အသ္မိ၊ ငါမဖြစ်။ ဧသော၊ ထို ဝိညာဉ်သည်။မေ၊ငါ၏။ နအတ္တာ၊ အလိုသို့မလိုက်ခြင်းစသော သဘောကြောင့် အတ္တမည်သည်မဟုတ်။ ဣတိ၊ ထိုသို့။ တံ-ဝိညာဏံ၊ ထိုဝိညာဉ်ကို။ ဧဝံ၊ ထိုသို့ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်မှန်တိုင်း။ သမ္မပ္ပညာယ၊ ဝိပဿနာဉာဏ်နှင့် တကွသော မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

---

## ၁၄-နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တဆယ့် ခြောက်ချက်ဖြစ်ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ထိုသို့ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍။ ပဿံ-ပဿန္တော၊ ဝိပဿနာပညာ, မဂ်ပညာဖြင့်ရှုသော။ သုတဝါ၊ ပရိယတ်, ပဋိဝေဓဟုဆိုအပ်သော အကြားအမြင်ရှိသော။ အရိယသာဝကော၊ အရိယာဖြစ်သော ငါဘုရား၏ တပည့်သည်။ ဝါ၊ အရိယာဖြစ်သော တပည့်သည်။ ရူပသ္မိံပိ၊ ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝေဒနာယပိ၊ ဝေဒနာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သညာယပိ၊ သညာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သင်္ခါရေသုပိ၊

သင်္ခါရတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏသ္မိံပိ၊ ဝိညာဉ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် ငြီးငွေ့၏။

နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒတော၊ ဝုဋ္ဌာဂါမိနီဝိပဿနာဖြင့် ငြီးငွေ့ခြင်းကြောင့်။ ဝိရဇ္ဇတိ၊ လေးပါးသော မဂ်ဖြင့်တပ်ခြင်းကင်း၏။

ဝိရာဂါ၊ လေးပါးသောမဂ်ဖြင့် တပ်ခြင်း ကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိဟု ဆိုအပ်သော လေးပါးသော ဖိုလ်ဖြင့် ကိလေသာ တို့မှ လွတ်၏။

ဝိမုတ္တသ္မိံ၊ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိဟု ဆို အပ် သော အရဟတ္တဖိုလ်၌။ ဝိမုတ္တံ၊ ကိလေသာတို့မှ လွတ်သည်။ အမှု* ဖြစ်ပြီ။ ဣတိ၊ ဤသို့။ ဉာဏံ၊ ပစ္စဝေက္ခဏာ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

"ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ်တည်းဟူသော မြတ်သော အကျင့်ကို။ ဝုသိတံ၊ ကျင့်အပ်ပြီ။

ကရဏီယံ၊ သစ္စာလေးပါးတို့၌ လေးပါး သော မဂ်တို့ဖြင့် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်း၏ အစွမ်းဖြင့် တဆယ့်ခြောက်ပါး အပြားရှိသော ပြုဘွယ် ကိစ္စဟူသမျှကို။ ကတံ၊ ပြုအပ်ပြီ။

ဣတ္ထတ္တာယ၊ ဤတဆယ့်ခြောက်ပါး အပြားရှိသော မဂ်ကိစ္စ အကျိုးငှာ။ ဝါ၊ ကိလေသာ ကုန်ခြင်းငှာ။

အပရံ၊ တပါးသော။ မဂ္ဂဘာဝနာ ကိစ္စံ၊ မဂ်ကိုပွားစေခြင်း ကိစ္စသည်။ နတ္ထိ၊ မရှိ”။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

တနည်းကား။ ။ဣတ္ထတ္တာယ၊ ဤပစ္စုပ္ပန် ခန္ဓာအစဉ်မှ။ အပရံ၊ တပါးသော။ ခန္ဓသန္တာနံ၊ ခန္ဓာအစဉ်သည်။ မယှံ၊ ငါ့အား။ နတ္ထိ၊ မရှိ။ ဣမေ ပနပဉ္စက္ခန္ဓာ၊ ဤပဉ္စုပါဒါနက္ခန္ဓာ ငါးပါးတို့သည်ကား။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တော၊ ထိုပဉ္စုပါဒါနက္ခန္ဓာ ငါးပါးတို့သည်။ ဆိန္နမူလကာ၊ ဖြတ်ပြီးသောအမြစ် ရှိကုန်သော။ ရုက္ခာဝိယ၊ သစ်ပင်တို့ကဲ့သို့။ စရိမက ဝိညာဏ နိရောဓေန၊ အဆုံးစွန်သော ဝိညာဉ်၏ ချုပ်ငြိမ်းခြင်းကြောင့်။ အနုပါဒါနော၊ လောင်စာမရှိသော။ ဇာတဝေဒေါဝိယ၊ မီးကဲ့သို့။ နိဗ္ဗာယိဿန္တိ၊ ငြိမ်းကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

---

## ၁၈-ပဉ္စဝဂ္ဂိရဟန်းများ ရဟန္တာဖြစ်ပုံ

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ ဝစနံ၊ ဤ“ရူပံ ဘိက္ခဝေ အနတ္တာ” အစရှိသော စကားကို။ အဝေါစ ဟောတော်မူ၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ နှစ်လိုကြည်လင် ရွှင်သောစိတ် ရှိကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ စကားတော်ကို။ အဘိနန္ဒုံ၊ ဦးဖြင့်ခံကုန်၏။ ဝါ၊ အလွန် နှစ်သက် ဝမ်းမြောက်ကုန်၏။

ဣမသ္မိံ စ ပန-ပေယျာကရဏသ္မိံ၊ ဤဂါထာမဘက် သက်သက်သော ဝေယျာကရဏကို။ ဘညမာနေ၊ ဟောတော်မူသည် ရှိသော်။ ပဉ္စဝဂ္ဂိယာနံ၊ ပဉ္စဝဂ္ဂီ အမည် ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝါ၊ ရဟန်းတို့၏။ အနုပါဒါယ၊ တဏှာ, မာန, ဒိဋ္ဌိအားဖြင့် တစုံတခုသော တရားကို ငါ၏ ဥစ္စာ, ငါ, ငါ၏ကိုယ်ဟု မယူမူ၍။ အာသဝေဟိ၊ တဘန် မဖြစ်ပြန်သော ချုပ်ခြင်းဖြင့် ချုပ်ကုန်သော အာသဝေါတရား လေးပါးတို့မှ။ ဝါ၊ လေးပါးတို့သည်။ စိတ္တာနိ၊ စိတ်တို့သည်။ ဝါ၊ စိတ်တို့ကို။ ဝိမုစ္စိံသု၊ လွတ်ကုန်၏။ ဝါ၊ လွတ်ကုန်ပြီ။

အနတ္တလက္ခဏသုတ္တံ၊ အနတ္တလက္ခဏသုတ်သည်။
နိဋ္ဌိတံ၊ နိဋ္ဌံ ဣတံ-ဂတံ-ပတ္တံ၊
အပြီးအဆုံးသို့ ရောက်ပြီ။

ဆရာတော် ဦးဗုဓ်
အနတ္တလက္ခဏသုတ် နိဿယပြီး၏။

လယ်တီဆရာတော်

# အနတ္တလက္ခဏသုတ်

နိဿယသစ်

## အနုတ္တလက္ခဏသုတ် နိဿယသစ်
## အကြောင်း

သက္ကရာဇ် ၁၂၅၆-ခုနှစ်အတွင်း မုံရွာမြို့ လယ်တီတိုက်ကြီး၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူစဉ်အခါ အဘိဓမ္မာ အသင်းလူကြီး လေးကျိပ်ကျော်တို့က–

"ဘုရားတပည့်တော်တို့သည် အနုတ္တ လက္ခဏ သုတ် ပါဠိတော်နှင့်တကွ အနုတ္တ လက္ခဏသုတ် နိဿယကို ကျက်မှတ်လိုပါသည်၊ အမှာအတားမပါဘဲ အမြဲနှုတ်တက်ဆောင်ထားရန် အဓိပ္ပါယ် ပေါ်ပေါ်နှင့် အနက်ချောချောကို ရေးပေးတော်မူပါ"။

ဤကဲ့သို့ လျှောက်ထား တောင်းပန်ကြ သောကြောင့် အနုတ္တလလက္ခဏသုတ် နိဿယကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ရေးသားချီးမြှင့်တော်မူသည်။

အဘိဓမ္မာ အသင်းလူကြီး လေးကျိပ် ကျော်တို့လည်း ထိုအနုတ္တလက္ခဏသုတ် နိဿယကို အရကျက်၍ နှုတ်တက်ဆောင်ထားကြသည်၊ ထိုနိဿယကို ပျောက်ပျက် တိမ်ကောခြင်းမရှိစေရန် စက်တင်ပုံနှိပ်ထားပါသတည်း။

လယ်တီပဏ္ဍိတ
ဆရာ-ဦးမောင်ကြီး

လယ်တီဆရာတော်

# အနတ္တလက္ခဏာသုတ်
# နိဿယသစ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁–အနတ္တလက္ခဏာသုတ်နိဒါန်း

ဘန္တေ၊ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဘုရား။ မေ၊ အကျွန်ုပ် အာနန္ဒာသည်။ ဧဝံ၊ ဤသို့ လျှောက်ထား လတ္တံ့သော အတိုင်း။ ဘဂဝတော၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ သမ္မုခါ၊ ဆည်းကပ် ခ–ရောက် ထံတော် မှောက်မှ။ သုတံ၊ ကိုယ်တိုင်သုတ ကြားလိုက်ရပါသည်ဘုရား။

ဧကံသမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ ဗာရာဏသိယံ၊ ဗာရာဏသီ နေပြည်တော်ကြီး၏ အနီး၌။ ဣသိပတနေ၊ ရှေးခါခေတ်ဟောင်း ရသေ့သူမြတ် အပေါင်းတို့၏ သက်ဆင်းရာ ဖြစ်သော။ မိဂဒါယေ၊သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော မိဂဒါဝုန် တောကြီး၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။

တတြခေါ၊ ထိုသို့ သီတင်းသုံးနေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊ ကောဏ္ဍည အမှူး ငါးဦးအစုအဝေးရှိကုန်သော။ ဘိက္ခူ၊ရဟန်းတို့ကို။ ဘိက္ခဝေါ–တိ၊အိုရဟန်းတို့–ဟူ၍။ အာမန္တေသိ၊ခေါ်တော်မူ၏။ တေဘိက္ခူ၊

ထိုပဉ္စဝဂ္ဂီ ရဟန်းတို့သည်။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရား-ဟူ၍၊ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ လျှောက်ထားကြကုန်၏။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ တော၊ဤအနတ္တလက္ခဏာသုတ်စကားကို။ အဝေါစ၊ မိန့်မြွက် ဟောကြားတော်မူလေသတည်း။

## ၂-ရူပက္ခန္ဓာအနတ္တဖြစ်ပုံ

ဘိက္ခဝေ ချစ်သားရဟန်းတို့။ ရူပံ၊ရုပ်တရားအပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက်သော အနတ္တ အမှန်ပင်တည်း။

ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ရူပဉ္စ၊ရုပ်တရားအပေါင်းသည်။ ဟိ၊ကေန်စင်စစ်၊အတ္တာ၊အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ-ရူပံ၊ ဤရုပ်တရားသည်။ အာဗာဓာယ၊ အလိုသို့ လိုက်ပါ၍ ကျင်နာ ခံခက် နှောင့်ရှက်ဘောက်ပြန်ခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်လေရာ။ "မေ၊ ငါ၏။ ရူပံ၊ရုပ်သည်။ဧဝံ ဟောတု၊ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ရူပံ၊ ရုပ်သည်။ ဧဝံ မာအဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ရူပေ၊ရုပ်တရား၌။ လဗ္ဘေထ၊အခွင့်ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ရူပံ၊ ရုပ်တရားသည်။ အနတ္တာ၊ အလိုသို့ မလိုက်သော အနတ္တ သဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်တရားသည်။ အာဗာဓာယ၊ အလိုသို့ မလိုက်ပါဘဲ ကျင်နာ ခံခက် နှောင့်ရှက်

ဘောက်ပြန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံမာအဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ရူပေ၊ ရုပ်တရား၌။ နစ လဗ္ဘတိ၊ အခွင့်မရနိုင်။

---

## ၃-ဝေဒနာက္ခန္ဓာ အနတ္တာဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာ၊ ခံစားမှုဝေဒနာ အပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက်သော အနတ္တ အမှန်ပင်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာစ၊ ခံစားမှုဝေဒနာ အပေါင်းသည်။ ဣဒံ၊ ကေန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ-အယံဝေဒနာ၊ ဤဝေဒနာသည်။ အာဗာဓာယ၊ အလိုသို့ လိုက်ပါ၍ ကျင်နာခံခက် နှောင့်ရှက် ဘောက်ပြန်ခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်လေရာ။ "မေ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာသည်။ ဧဝံ-ဟောတု၊ ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာသည်။ ဧဝံမာအဟောသိ၊ ဤသို့မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ဝေဒနာယ၊ ဝေဒနာတရား၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ဝေဒနာ၊ ဝေဒနာ တရားသည်။ အနတ္တာ၊ အလိုသို့ မလိုက်သော အနတ္တ သဘောရှိချေ၏။ တသ္မာ၊ ထိုကြောင့်။ ဝေဒနာ၊ ဝေဒနာ

တရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ရှက် ဘောက်ပြန်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ဝေဒနာ၊ဝေဒနာသည်။ ဧဝံဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေငါ၏။ ဝေဒနာ၊ဝေဒနာသည်။ ဧဝံမာအဟောသိ၊ ဤသို့မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ ဝေဒနာယ၊ ဝေဒနာတရား၌။ နစလဗ္ဘတိ၊ အခွင့် မရနိုင်။

---

### ၄-သညာက္ခန္ဓာ အနတ္တာဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာ၊ မှတ်သားမှုသညာ အပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်သော အနတ္တအမှန်ပင်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာစ၊ မှတ်သားမှု သညာအပေါင်းသည်။ ဟိ၊ ဧကန်စင်စစ်။ အတ္တာ၊ အလိုသို့ လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ-အယံသညာ၊ ဤသညာသည်။ အာဗာဓာယ၊ အလိုသို့ လိုက်ပါ၍ ကျင်နာခံခက် နှောင့်ရှက်ဘောက်ပြန်ခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်ရာလေရာ။ "မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံဟောတု၊ ဤသို့ဖြစ်ပလေစေ၊ မေ၊ ငါ၏။ သညာ၊ သညာ သည်။ ဧဝံမာအဟောသိ၊ ဤသို့မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ သညာယ၊ သညာတရား၌။ လဗ္ဘေထ၊ အခွင့်ရနိုင်ရာ ရာမ်။

ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ဒေါ၊ စင်စစ်။ ယသ္မာ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ သညာ၊ သညာ တရားသည်။ အနတ္တာ၊ အလိုသို့မလိုက်သော အနတ္တသဘော

ရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ သညာ၊ သညာတရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက်နှောင့်ရှက်ဘောက်ပြန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ “မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံမာအဟောသိ၊ ဤသို့ မဖြစ်စေလင့်”။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ သညာယ၊ သညာတရား၌။ နစလဗ္ဘတိ၊ အခွင့်မရနိုင်။

---

## ၅-သင်္ခါရက္ခန္ဓာ အနတ္တာဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ခါရာ၊ ပြုပြင်စီရင်မှုသင်္ခါရတရားအပေါင်းတို့သည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်သော အနတ္တအမှန်တို့ပင်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ခါရာစ၊ ပြုပြင်စီရင်မှုသင်္ခါရအပေါင်းတို့သည်။ ဟိ၊ ဧကန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိကုန်သည်။ အဘဝိဿံသု၊ ဖြစ်ပါကုန်မူကား။ ဣဒံ-ဣမေသင်္ခါရာ၊ ဤသင်္ခါရတို့သည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ရှက်ဘောက်ပြန်ခြင်းငှာ။ နသံဝတ္တေယျုံ၊ မဖြစ်နိုင်ကုန်ရာ။ “မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံဟောန္တု၊ ဤသို့ ဖြစ်ပလေစေကုန်။ မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံမာအဟေသုံ၊ ဤသို့မဖြစ်စေကုန်လင့်။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ သင်္ခါရေသု၊ သင်္ခါရတရားတို့၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ သင်္ခါရာ၊ သင်္ခါရ

တရားတို့သည်။ အနတ္တာ၊ အလိုသို့မလိုက်သော အနတ္တ သဘောရှိချေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာ ခံခက် နှောင့်ရှက် ဘောက်ပြန်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန် ၏။ "မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံဟောန္တု၊ ဤသို့ ဖြစ်ပလေစေကုန်။ မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံမာအဟေသုံ၊ ဤသို့ မဖြစ်စေကုန်လင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ သင်္ခါရေသု၊ သင်္ခါရ တရားတို့၌။ နစလဗ္ဘတိ၊ အခွင့်မရနိုင်။

---

## ၆-ဝိညာဏက္ခန္ဓာ အနတ္တာဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝိညာဏံ၊ သိမှုဝိညာဉ် သည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်သော အနတ္တ အမှန်ပင်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝိညာဏဉ္စ၊ သိမှုဝိညာဉ် အပေါင်းသည်။ ဟိ၊ စေန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ-ဝိညာ ဏံ၊ ဤဝိညာဉ်သည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ကျင် နာခံခက်နှောင့်ရှက်ဘောက်ပြန်ခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ် လေရာ။ "မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ မာအဟောသိ၊ ဤသို့မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ ဝိညာဏေ၊ ဝိညာဉ်တရား အပေါင်း၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ဝိညာဏံ၊ ဝိညာဉ် တရားသည်။ အနတ္တာ၊ အလိုသို့ မလိုက်သော အနတ္တ သဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဉ် တရားသည်။ အာဗာဓာယ၊ အလိုသို့ မလိုက်ပါဘဲ ကျင်နာ ခံခက် နှောင့်ရှက် ဘောက်ပြန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံဟောတု၊ ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံမာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလို ဆန္ဒအတိုင်း။ ဝိညာဏေ၊ ဝိညာဉ်၌။ နစ လဗ္ဘတိ၊ အခွင့် မရနိုင်။

---

## ၇-ရူပက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တံ၊ ထိုသို့ ငါဘုရား မေးတော်မူသောစကားကို။ ကိံ-မညထ၊ အဘယ်လို မှတ် ထင်ကြကုန်သနည်း။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ နိစ္စံ ဝါ၊ မြဲသလော။ အနိစ္စံ ဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော် ကြီးသောမြတ်စွာ ဘုရား။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ရုပ်တရား သည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ရုပ်တရားသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲသလော။ သုခံ ဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီး

သော မြတ်စွာဘုရား။ တံ၊ ထိုမမြဲသော ရုပ်တရားသည်။ ဒုက္ခံ၊ ဆင်းရဲရိုးအမှန်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်း ဆင်းရဲ ဖောက်လွှဲ ဖောက်ပြန်ဖြစ်နေသော ရုပ်တရားကို။ "ဧတံ၊ ဤရုပ်တရားကား။ မမ၊ ငါပိုင်သောဥစ္စာတည်း။ ဧသော၊ ဤရုပ်တရားကား။ အဟ-မသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤရုပ်တရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်သော အတ္တတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင် ခြင်းငှာ။ ကလ္လံနု၊ သင့်လျော်လျောက်ပတ်ပါမည်လော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဧတံ၊ ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင် ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

---

ဂ-ဝေဒနာက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာ၊ ခံစားမှုဝေဒနာ အပေါင်းသည်။ နိစ္စာဝါ၊ မြဲသလော။ အနိစ္စာဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စာ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ဝေဒနာတရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ဝေဒနာတရားသည်။ ဒုက္ခံဝါ၊ ဆင်းရဲသလော။ သုခံဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုး အမှန်ပါဘုရား။ ဣတိ။ ဤသို့လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ဝေဒနာတရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်း ဆင်းရဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်နေသော ဝေဒနာတရားကို။ "ဧတံ၊ ဤဝေဒနာတရားကား။ မမ၊ ငါပိုင်သော ဥစ္စာတည်း။ ဧသော၊ ဤဝေဒနာတရားကား။ အဟ-မသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤဝေဒနာတရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်သော အတ္တတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ။ ကလ္လံနု၊ သင့်လျော်လျောက်ပတ်ပါမည်လော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဧတံ၊ ဤသို့စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

---

## ၆-သညာက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာ၊ မှတ်သားမှု သညာအပေါင်းသည်။ နိစ္စာဝါ၊ မြဲသလော၊ အနိစ္စာဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့မေးတော်မူသည်ရှိသော်။ ဘန္တေ၊

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စာ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်သညာတရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော သညာတရားသည်။ ဒုက္ခံဝါ၊ ဆင်းရဲသလော။ သုခံဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုး အမှန်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်သညာတရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဘောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်း ဆင်းရဲ ဘောက်လွဲ ဘောက်ပြန်ဖြစ်နေသော သညာတရားကို။ "ဧတံ၊ ဤသညာတရားကား။ မမ၊ ငါပိုင်သောဥစ္စာတည်း။ ဧသော၊ ဤသညာ တရားကား။ အဟ-မသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤသညာတရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်သော အတ္တတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ။ ကလ္လံနု၊ သင့်လျော် လျောက်ပတ် ပါမည်လော။ ဣတိ၊ ဤသို့မေးတော် မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ ဧတံ၊ ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

## ၁၀-သင်္ခါရက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ခါရာ၊ ပြုပြင်စီရင်မှု သင်္ခါရအပေါင်းတို့သည်။ နိစ္စာဝါ၊ မြဲကုန်သလော၊ အနိစ္စာဝါ၊ မမြဲကုန်သလော။ ဣတိ၊ ဤသို့မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စာ၊ မမြဲကုန်ပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်သင်္ခါရတရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော သင်္ခါရတရားသည်။ ဒုက္ခံဝါ၊ ဆင်းရဲသလော။ သုခံဝါ၊ ချမ်းသာသလော၊ ဣတိ၊ ဤသို့မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုး အမှန်ပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်သင်္ခါရတရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်း ဆင်းရဲ ဖောက်လွဲ ဖောက်ပြန်ဖြစ်နေသော သင်္ခါရတရားကို။ "တံ၊ ဤသင်္ခါရတရားကား။ မမ၊ ငါပိုင်သော ဥစ္စာတည်း။ ဧသော၊ ဤသင်္ခါရတရားကား။ အဟ-မသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤသင်္ခါရတရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်သော အတ္တတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင်ရှုဆင်ခြင်ခြင်းငှာ။ ကလ္လံနု၊ သင့်လျော် လျော်ကပ်ပတ်ပါမည်လော။ ဣတိ၊ ဤသို့မေးတော်မူသည် ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တံ၊ ဤသို့ စွဲလမ်း

ထင်မြင်ရှုဆင်ခြင်ခြင်းသည်။ နေ ာဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

---

## ၁၁-ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေး၃-ပါး

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝိညာဏံ၊ သိမှုဝိညာဉ်အပေါင်းသည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စံ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ဝိညာဉ်တရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ဝိညာဉ်တရားသည်။ ဒုက္ခံဝါ၊ ဆင်းရဲသလော။ သုခံဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုးအမှန်ပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ဝိညာဉ်တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်း မမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွဲ ဖောက်ပြန်ဖြစ်နေသော ဝိညာဉ်တရားကို။ "ဧတံ၊ ဤဝိညာဉ်တရားကား။ မမ၊ ငါပိုင်သောဉစ္စာတည်း။ ဧသော၊ ဤဝိညာဉ်တရားကား။ အဟ-မသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤဝိညာဉ်တရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့ လိုက်သော အတ္တတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်

ခြင်ခြင်းငှာ။ကလ္လံနု၊သင့်လျော်လျောက်ပတ်ပါမည်လော။ ဇ္စတိ၊ ဤသို့ မေးတော်မူသည် ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ။တော၊ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဇ္စတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

---

## ၁၂–ရုပ်တရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တသ္မာ၊ ထိုမမြဲမှု သဘော, ဆင်းရဲမှုသဘော, အလိုမလိုက်မှု သဘောတို့၏ ပေါ်လောကြီး ထင်ရှားရှိနေသောကြောင့်။

အတီတာနာဂတပစ္စုပ္ပန္နံ၊ လွန်လေပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ် ကာလ, ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်သော။ ယံကိဉ္စိရူပံ၊ အကြင်အလုံးစုံသော ရုပ်တရားသည်ရှိ၏။

အဇ္ဈတ္တံဝါ၊ မိမိအတွင်းသန္တာန်၌ဖြစ်သော ရုပ်တရားသည်ရှိ၏။ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ဖြစ်သော ရုပ်တရားသည်ရှိ၏။

ဩဠာရိကံဝါ၊ကြမ်းထမ်းသော ရုပ်တရားသည်ရှိ၏။ သုခုမံဝါ၊ သိမ်မွေ့သော ရုပ်တရားသည်ရှိ၏။

ဟီနံဝါ၊ ယုတ်ညံ့သောရုပ်တရားသည်ရှိ၏။ ပဏီတံဝါ၊ မြင့်မြတ်သော ရုပ်တရားသည်ရှိ၏။

ယံ–ဒူရေဝါ၊ အကြင် အဝေး၌ ဖြစ်သော ရုပ်တရားသည်ရှိ၏။ ယံ–သန္တိကေဝါ၊ အကြင် အနီး၌ဖြစ်သော ရုပ်တရားသည်ရှိ၏။

အတ္ထိ၊ ရုပ်ပေါင်းများထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဉဿုံ အလုံးစုံသော။ တေ-ရူပံ၊ ထိုရုပ် ဟူသမျှသည်။ "နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ သော၊ထိုရုပ်အပေါင်းသည်။ န အဟမသ္မိ၊ ငါဖြစ်၍ နေသည် မဟုတ်။ သော၊ ထိုရုပ်အပေါင်းသည်။ မမ၊ ငါ၏။ နအတ္တာ၊ အလိုသို့ လိုက်သော အတ္တ မဟုတ်"။ ဣတိ–ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ တံ၊ထိုခပ်သိမ်းဉဿုံ ရုပ်ဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော အတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ပြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ် အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

---

၁၃–ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။

အတီတာ နာဂတ ပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ်ကာလ, ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ယာ ကာစိ–ဝေဒနာ၊ အကြင် အလုံးစုံသော ဝေဒနာတရားသည်ရှင်း။

အဇ္ဈတ္တံဝါ၊ မိမိအတွင်းသန္တာန်၌ဖြစ်သော ဝေဒနာသည်ရှင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ဖြစ်သော ဝေဒနာသည်ရှင်း။

ဩဠာရိကာဝါ၊ ကြမ်းထမ်းသော ဝေဒနာသည်ရှင်း။ သုခုမာဝါ၊ သိမ်မွေ့သော ဝေဒနာသည်ရှင်း။

ဟီနာဝါ၊ ယုတ်ညံ့သော ဝေဒနာသည်ရှင်း။ ပဏီတာဝါ၊ မြင့်မြတ်သော ဝေဒနာသည်ရှင်း။

ယာ-ဒူရေဝါ၊ အကြင်အဝေး၌ဖြစ်သော ဝေဒနာသည်ရှင်း။ ယာ-သန္တိကေဝါ၊ အကြင် အနီး၌ဖြစ်သော ဝေဒနာသည်ရှင်း။

အတ္ထိ၊ ဝေဒနာများထွေ ရှိကြလေ၏။

သဗ္ဗာ၊ခပ်သိမ်းဉဿုံ အလုံးစုံသော။ ဧတံ-သောဝေဒနာ၊ ထိုဝေဒနာ ဟူသမျှသည်။ "နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ထိုဝေဒနာ အပေါင်းသည်။ နအဟ-မသ္မိ၊ ငါဖြစ်၍နေသည်မဟုတ်။ ဧသော၊ ထိုဝေဒနာ အပေါင်းသည်။ မေ၊ ငါ၏။ နအတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်"။ ဣတိ-ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဧတံ၊ ထိုခပ်သိမ်း ဉဿုံ ဝေဒနာဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက် မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

---

## ၁၄ - သညာတရားကို တဏှာ,မာန, ဒိဋ္ဌိ ဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။

အတီတာ နာဂတ ပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ်ကာလ, ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ ယာကာစိ-သညာ၊ အကြင် အလုံးစုံသော သညာတရားသည်ရှင်း။

အဇ္ဈတ္တံဝါ၊ မိမိ အတွင်းသန္တာန်၌ ဖြစ်သော သညာသည်ရင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ဖြစ်သော သညာသည်ရင်း။

ဩဠာရိကာဝါ၊ ကြမ်းထမ်းသော သညာသည်ရင်း။ သုခုမာဝါ၊ သိမ်မွေ့သော သညာသည်ရင်း။

ဟီနာဝါ၊ ယုတ်ညံ့သော သညာသည်ရင်း။ ပဏီတာဝါ၊ မြင့်မြတ်သော သညာသည်ရင်း။

ယာ–ဒူရေဝါ၊ အကြင်အဝေး၌ ဖြစ်သောသညာသည်ရင်း။ ယာ–သန္တိကေဝါ၊ အကြင်အနီး၌ဖြစ်သော သညာသည်ရင်း။

အတ္ထိ၊ သညာများထွေ ရှိကြလေ၏။ သဗ္ဗာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ တေ–ဇသော သညာ၊ ထိုသညာဟူသမျှသည်။ "နမမ၊ငါ့ပိုင်ဥစ္စာမဟုတ်။ သော၊ ထိုသညာအပေါင်းသည်။ နအဟ–မသ္မိ၊ ငါဖြစ်၍နေသည်မဟုတ်။ သော၊ ထိုသညာအပေါင်းသည်။ မေ၊ ငါ၏။ နအတ္တာ၊ အလိုသို့လိုက်သောအတ္တမဟုတ်"။ ဣတိ–ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တေ၊ ထိုခပ်သိမ်းဥဿုံ သညာဟူသမျှအလုံးစုံကို။ ယထာဘူတံ၊ မဘောက်မပြန် ဟုတ်မှန်သော အတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

---

## ၁၅ – သင်္ခါရတရားတို့ကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်ရာပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊

အတီတာ နာဂတပစ္စုပ္ပန္နာ၊ လွန်လေ ပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ်ကာလ,

ယခု မျက်မှောက် ပစ္စုပ္ပန် ကာလ၌ ဖြစ်ကုန် သော။ ယေကေစိ-သင်္ခါရာ၊ အကြွင်း အလုံးစုံသော သင်္ခါရ တရားတို့သည်ငှင်း။

အဇ္ဈတ္တံဝါ၊ မိမိအတွင်း သန္တာန်၌ ဖြစ်သော သင်္ခါရတို့သည်ငှင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ ဖြစ်သော သင်္ခါရတို့သည်ငှင်း။

ဩဠာရိကာဝါ၊ ကြမ်းထမ်းသော သင်္ခါရ တို့သည် ငှင်း။ သုခုမာဝါ၊ သိမ်မွေ့သော သင်္ခါရတို့သည်ငှင်း။

ဟီနာဝါ၊ ယုတ်ညံ့သော သင်္ခါရ တို့သည်ငှင်း။ ပဏီတာဝါ၊ မြင့်မြတ်သော သင်္ခါရတို့သည်ငှင်း။

ယေ-ဒူရေဝါ၊ အကြွင်အဝေး၌ဖြစ်သော သင်္ခါ ရတို့သည်ငှင်း။ ယေ-သန္တိကေဝါ၊ အကြွင်အနီး၌ ဖြစ် သော သင်္ခါရတို့သည်ငှင်း။

အတ္ထိ၊ သင်္ခါရများငေ့ ရှိကြလေကုန်၏။ သဗ္ဗေ၊ ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော။ တေ-ဧတေ သင်္ခါရာ၊ ထိုသင်္ခါရ ဟူသမျှတို့သည်။ "နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ထို သင်္ခါရ အပေါင်းသည်။ န အဟ-မသ္မိ၊ ငါဖြစ်၍ နေသည် မဟုတ်။ ဧသော၊ ထိုသင်္ခါရအပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်"။ ဣတိ-ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ တေ၊ ထိုခပ်သိမ်းဥဿုံ သင်္ခါရဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဘောက် မပြန် ဟုတ်မှန်သော အတိုင်း။ သမ္မပ္ပညာယ၊ ရှုပ်ခဲ နာမ်ခဲ ဖြိုခွဲ ဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင် အပ်၏။

---

## ၁၆-ဝိညာဉ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။

အတီတာနာဂတ ပစ္စုပ္ပန္နံ၊ လွန်လေ ပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ်ကာလ, ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်သော။ ယံ ကိဉ္စိ-ဝိညာဏံ၊ အကြင် အလုံးစုံသော ဝိညာဉ် တရားသည်ရှင်း။

အဇ္ဈတ္တံဝါ၊ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်သော ဝိညာဉ်သည်ရှင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ ဖြစ်သော ဝိညာဉ်သည်ရှင်း။

ဩဠာရိကံဝါ၊ ကြမ်းထမ်းသော ဝိညာဉ်သည်ရှင်း။ သုခုမံဝါ၊ သိမ်မွေ့သောဝိညာဉ်သည်ရှင်း။

ဟီနံဝါ၊ ယုတ်ညံ့သော ဝိညာဉ်သည်ရှင်း။ ပဏီတံဝါ၊ မြင့်မြတ်သော ဝိညာဉ်သည်ရှင်း။

ယံ-ဒူရေဝါ၊ အကြင်အဝေး၌ဖြစ်သော ဝိညာဉ်သည်ရှင်း။ ယံ-သန္တိကေဝါ၊ အကြင်အနီး၌ဖြစ်သော ဝိညာဉ်သည်ရှင်း။

အတ္ထိ၊ ဝိညာဉ်များထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဉဿံ အလုံးစုံသော။ တံ-ဝိညာဏံ၊ ထိုဝိညာဉ်ဟူသမျှသည်။ "နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ သော၊ ထိုဝိညာဉ် အပေါင်းသည်။ နအဟ-မသ္မိ၊ ငါဖြစ်၍နေသည်မဟုတ်။ သော၊ ထိုဝိညာဉ် အပေါင်းသည်။ မေ၊ ငါ၏။ နအတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်"။ ဣတိ-ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ တံ၊ ထိုခပ်သိမ်းဉဿံ ဝိညာဉ်ဟူသမျှ အလုံးစုံကို။ ယထာ

ဘူတံ၊ မဘောက်မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ် အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

---

## ၁၇–နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စတသယ် ခြောက်ချက်ဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ဧဝံ၊ ဤသို့ ခန္ဓာငါး ပါးတို့၌ မမြဲသော အနိစ္စသဘော, ဆင်းရဲသော ဒုက္ခ သဘော, အစိုးမရသော အနတ္တသဘောကို ဟောခဲ့ပြီး သောအတိုင်း။ ပဿံ- ပဿန္တော၊ ပိုင်ပိုင်ထင်ထင် ရှုဆင် ခြင်သည်ရှိသော်။ သုတဝါ၊ ရုပ်,နာမ် တရားတို့၌ များသော အကြားအမြင် ရှိသော။ အရိယ သာဝကော၊ ငါဘုရား၏ တပည့် မြတ်သည်။ ရူပသ္မိံပိ၊ ရုပ်တရား အစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ဝေဒနာ ယပိ၊ ခံစားမှု စံစားမှု ဝေဒနာအစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ် သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ သညာယပိ၊ မှတ်မှု သားမှု သညာအစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ သင်္ခါရေသုပိ၊ ပြုပြင်မှု သင်္ခါရအစု တို့၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်း လေ၏။ ဝိညာဏသ္မိံပိ၊ အာရုံသိမှု ဝိညာဏအစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။

နိဗ္ဗိန္ဒံ–နိဗ္ဗိန္ဒန္တော၊ ခန္ဓာပဥ္စက၌ အနှစ်သာရမတွေ့ ဘဲ ငြီးငွေ့ပျင်းမုန်းလေသည်ရှိသော်။ ဝိရဇ္ဇတိ၊ မတွယ် မတာ မသာယာဘဲ တဏှာ[illegible]ကင်းလေ၏။

ဝိရာဂေါ၊ မတွယ်မတာ မသာယာဘဲ တဏှာပြတ်ကင်းမှုကြောင့်။ ဝိမုစ္စတိ၊ ကိလေသာ ဝဋ်တွင်းမှ လွတ်ကင်း ထွက်မြောက်လေ၏။

ဝိမုတ္တသ္မိံ၊ ကိလေသာ ဝဋ်တွင်းမှ လွတ်ကင်း ထွက်မြောက် လေသည်ရှိသော်။ ဝိမုတ္တမိတိ၊ ကျွတ်ပေပြီ လွတ်ပေပြီဟူ၍။ ဉာဏံ၊ ဟုတ်တိုင်းအမှန် သိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်ပေါ်လေ၏။

ခီဏာ ဇာတိ၊ ဘဝအသစ် အဖြစ်မစဲ အသစ်အသစ် လဲရမှုသည်။ ခီဏာ၊ အစတုံး၍ ကုန်ဆုံးခဲ့ရလေပြီ။

ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ဟူသမျှကို။ ဝုသိ-တံ၊ ကျင့်သုံးခြင်းကိစ္စပြီးစီးခဲ့လေပြီ။

ကရဏီယံ၊ သစ္စာ လေးသွယ်၌ ပြုဘွယ်ဟူသမျှ မဂ်ကိစ္စကို။ ကတံ၊ ကိစ္စတုံးအောင် လုံးလုံးကြီးပြုအပ်လေပြီ။

ဣတ္ထတ္တာယ၊ ဤပစ္စုပ္ပန် ခန္ဓာအစဉ်မှ။ အပရံ၊ တပါးသော ခန္ဓာအစဉ်သည်။ နတ္ထိ၊ ကင်းပြတ်ကုန်ကြွေ မရှိချေ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ထွန်းလင်းထိန်တောက် အသိဉာဏ်ပေါ် ပေါက်လေ၏။

---

## ၁၈-ပဉ္စဝဂ္ဂီရဟန်းများ ရဟန္တာပုံ

ဣဒံ၊ ဤ အနတ္တ လက္ခဏာသုတ် စကားတော်ကို။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ အဝေါစ၊ အနတ္တဉာဏ် အမြင်သန့်အောင် ဉာဏ်ရောင် အလင်းဘွင့်၍ ကျူးရင့် ဟောကြားတော်မူပေ၏။ ပဉ္စဝဂ္ဂိယာ၊ ကောဏ္ဍည

အမှုးငါးဦး အစုအဝေးရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ အနတ္တဉာဏ် သက်သန်ပွင့်လင်း ဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍။ ဘဂဝတော၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော အနတ္တလက္ခဏ သုတ်တော်ကြီးကို။ အဘိနန္ဒုံ၊ ရှင်လန်းအားရ နှစ်သက်ကြလေကုန်သတည်း။

ဣမသ္မိံ စ ပန - ဝေယျာကရဏသ္မိံ၊ ဂါထာမပါက် စုဏ္ဏိယ သက်သက်ဖြစ်သော ဤအနတ္တလက္ခဏ သုတ်တော်ကြီးကို။ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ ပဉ္စဝဂ္ဂိယာနံ၊ ကောဏ္ဍညအမှုး ငါးဦး အစုအဝေးရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနုပါဒါယ၊ ရုပ်နာမ်ခန္ဓာတို့၌ သာယာစွဲငြိခြင်းမရှိဘဲ။ အာသဝေဟိ၊ စီးသွန် ကျလျော အာသဝေါတို့မှ။ စိတ္တာနိ၊ စိတ်တို့သည်။ ဝိမုစ္စိံသု၊ ကျွတ်လွတ်ကြလေကုန်သတည်း။

အနတ္တလက္ခဏသုတ္တံ၊ အနတ္တလက္ခဏသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။
အနတ္တလက္ခဏသုတ် နိဿယသစ်ပြီး၏။

ဝမ္မစကြာ ၂-စောင်တွဲ
ဤတွင်ပြီးပြီ။

# နောက်ဆက်တွဲ

## ဓမ္မစက္ကပဝတ္တနသုတ်

## ခက်ဆစ် အဓိပ္ပါယ်

**ကာမသုခလ္လိကာနုယောဂ**။ ။ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,–ဟူသော အာရုံငါးပါး ကာမဂုဏ် ချမ်းသာများကို လိုက်စားမြူးတူး ယစ်မူးမေ့လျော့ တရားဘက်၌ပေါ့၍နေကြသည်ကို "ကာမသုခလ္လိကာနုယောဂ" ဟု ဆိုသည်။

[ကာမဂုဏ်ချမ်းသာကို တင်းတိမ်ရောင့်ရဲစွာ ခံစားခွင့်မရသည့်အတွက် တဏှာခေတ်သည် အမြဲမပြတ် ငတ်၍သာနေသည်၊ တဏှာသဘောကျအတိုင်း အဆီးအတားမရှိ တွေ့တွေ့သမျှ ကာမဂုဏ်ချမ်းသာတို့ကို တင်းတိမ်အောင်နှစ်၍ ခံစားလိုက်ပါလျှင် တဏှာသည် အားရတင်းတိမ်ခြင်းသို့ရောက်၍ နောက်တဖန် သာယာတပ်မက်ခြင်း မရှိတော့ပြီ၊ ဤကဲ့သို့သော သဘောထားဖြင့် အမြင်မှောက်မှားသော သူတို့သည် ကာမဂုဏ်ကို လိုက်စားခြင်းဟူသော ကာမသုခလ္လိကာနုယောဂ–အကျင့်ကို ကျင့်ကြသည်။]

**အတ္တကိလမထာ နုယောဂ**။ ။ရေချိုးခြင်း, မီးလှုံခြင်း, ဆူးပေါ်၌အိပ်ခြင်း, အကြောင်းမဲ့ အာဟာရကို ဖြတ်ထားခြင်း, ပြာလူးခြင်းမှစ၍ မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် ကျင့်သော အကျင့်များကို "အတ္တကိလမထာနုယောဂ" ဟု ဆိုသည်။

[ဤကိုယ်ကာယကြီးကို ချမ်းသာအောင် မွေးမြူ၍ ထားသောကြောင့် တဏှာတိုးပွား၍နေသည်၊ ဤကိုယ် ကာယကြီးကို ညှဉ်းဆဲနိုင်သမျှ ညှဉ်းဆဲခဲ့ပါလျှင် တဏှာ ဖြစ်ပေါ်ခွင့်ကို မရနိုင်ဘဲ တဏှာကုန်ခန်းခြင်းသို့ ရောက် ဖလတော့သည်၊ ဤသို့သော သဘောထားဖြင့် အမြင် မှောက်မှားသောသူတို့သည် မိမိကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲခြင်းဟူသော အတ္တကိလမထာနုယောဂ-အကျင့် ကို ကျင့်ကြသည်။]

**ဥဘောအန္တ**။ ။ကာမသုခလ္လိကာနုယောဂအကျင့်, အတ္တ ကိလမထာနုယောဂအကျင့်-ဤအကျင့် နှစ်ပါးကို သံသရာမှ ထွက်မြောက်ရန် ဖြောင့်မှန် တည့်မတ်သော အလယ် ဗဟိုလမ်း ကြောင်း မဟုတ်သောကြောင့် ဥဘောအန္တ-အစွန်းတရားနှစ်ပါး ဟူ၍ ဆိုသည်၊ တနည်း-သံသရာမှ ထွက်မြောက်ကြောင်းမဟုတ်၊ နှစ်မြုပ်မျောပါးစေတတ်သော သဘောမျိုး, သူတော်ကောင်းတို့ စက်ဆုပ်အပ်သော သဘောမျိုးဖြစ်သောကြောင့် ဥဘောအန္တ- အယုတ်တရားနှစ်ပါးဟူ၍ငင်း ဆိုသည်။

**မဇ္ဈိမပဋိပဒါ**။ ။သံသရာမှ ထွက်မြောက်ကြောင်း အလယ် ဗဟိုကျင့်စဉ် လမ်းရိုး လမ်းဖြောင့် လမ်းကောင်း လမ်းမှန်ကြီး ဖြစ်သောကြောင့် မဂ္ဂင်ရှစ်ပါး တရားစုကို "မဇ္ဈိမပဋိပဒါ"ဟု ဆိုသည်။

**သမ္မာဒိဋ္ဌိ**။ ။ကံနှင့် ကံ၏ အကျိုးကို ယုံကြည်စွာ သိမြင်မှု, ရုပ်-နာမ် ခန္ဓာတို့ကို ပိုင်းခြား သိမြင်မှု-ဤကဲ့သို့ ကောင်းသော သိမြင်မှုများကို "သမ္မာဒိဋ္ဌိ"ဟု ဆိုသည်။

**သမ္မာသင်္ကပ္ပ**။ ။ကာမဂုဏ်တို့မှ ထွက်မြောက်ရန် ကြံစည်မှု, သတ္တဝါအပေါင်းတို့ကို မပျက်စီးစေလိုဘဲ ချမ်းသာစေလိုသော မေတ္တာသဘောဖြင့် ကြံစည်မှု, သတ္တဝါအပေါင်းတို့အား မညှဉ်းဆဲလိုဘဲ ဆင်းရဲကင်းစေလိုသော ကရုဏာသဘောဖြင့် ကြံစည်မှု-ဤကဲ့သို့ ကောင်းသော ကြံစည်မှုများကို "သမ္မာသင်္ကပ္ပ" ဟု ဆိုသည်။

**သမ္မာဝါစာ**။ ။မဟုတ်မမှန်သော စကားမှ ရှောင်ကြဉ်မှု, အချင်းချင်း ကွဲပြားအောင် ကုန်းချောသောစကားမှ ရှောင်ကြဉ်မှု,ကြမ်းကြုတ်စွာ ဆဲရေးသော စကားမှ ရှောင်ကြဉ်မှု, အကျိုးမဲ့ သိမ်ဖျင်းသော စကားမှ ရှောင်ကြဉ်မှု- ဤသို့လျှင် ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်၍ မှန်သော စကားကိုသာ ဆိုခြင်း, အများချစ်ဘွယ်သော စကားကိုသာဆိုခြင်း, နူးညံ့သိမ်မွေ့သော စကားကိုသာဆိုခြင်း, အကျိုးရှိသော စကားကိုသာ ဆိုခြင်း-ဤကဲ့သို့ ကောင်းသော ပြောဆိုမှုများကို "သမ္မာဝါစာ" ဟု ဆိုသည်။

**သမ္မာကမ္မန္တ**။ ။သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်မှု, သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်မှု, သူ့သားမယား အိမ်ယာ ပြစ်မှားခြင်းမှ ရှောင်ကြဉ်မှု-ဤသို့လျှင် ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်၍ အပြစ် ကင်းစွာ ကောင်းသော ပြုလုပ်မှုများကို "သမ္မာကမ္မန္တ" ဟု ဆိုသည်။

**သမ္မာအာဇီဝ**။ ။ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့မှ ဝေးစွာ ရှောင်ကြဉ်၍ စင်စင်ကြယ်ကြယ် ကောင်းသော အသက်မွေးမှုများကို "သမ္မာအာဇီဝ" ဟုဆိုသည်။

**သမ္မာဝါယာမ။** ။ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရှားရန်အားထုတ်မှု, မဖြစ်သေးသော အကုသိုလ် တရားတို့ကို မဖြစ်ပွားအောင် အားထုတ်မှု, ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားအောင် အားထုတ်မှု, မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင် အားထုတ်မှု-ဤ ၄-ပါးသော အားထုတ်မှုများကို "သမ္မာဝါယာမ" ဟု ဆိုသည်။

**သမ္မာသတိ။** ။ကိုယ်ကာယ အတွင်း၌ သတိကို စူးစိုက်စွာ ထားမှု, ဝေဒနာ ၃-ပါးတို့၌ သတိကိုစူးစိုက်စွာ ထားမှု, ခန္ဓာ,အာယတန-စသောတရားအမျိုးမျိုးတို့၌ သတိကို စူးစိုက်စွာ ထားမှု-ဤကဲ့သို့ သတိကိုစူးစိုက်စွာထားခြင်း ၄-မျိုးကို "သမ္မာသတိ" ဟု ဆိုသည်။

**သမ္မာသမာဓိ။** ။သမထ ဘာဝနာ အလုပ်၌ စိတ်၏ တည်ကြည်မှု, ဝိပဿနာဘာဝနာအလုပ်၌ စိတ်၏ တည်ကြည်မှု, ဈာန်-မဂ်-ဖိုလ်၌ စိတ်၏တည်ကြည်မှု သဘောမျိုးကို "သမ္မာသမာဓိ" ဟု ဆိုသည်။

**ဒုက္ခသစ္စာ။** ။သံသရာတခွင်၌ အဖန်ဖန် ပဋိသန္ဓေ နေရခြင်း ဟူသော ဇာတိဒုက္ခ, အဖန်ဖန်အိုရခြင်း ဟူသော ဇရာဒုက္ခ, အဖန်ဖန်နာရခြင်းဟူသော ဗျာဓိဒုက္ခ, အဖန်ဖန် သေရခြင်း ဟူသော မရဏဒုက္ခ, ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း ဟူသော ပိယဝိပ္ပယောဂဒုက္ခ, မချစ်မနှစ်သက်သော သူတို့နှင့် တွေ့ကြုံပေါင်းသင်းရခြင်းဟူသော အပ္ပိယသမ္ပယောဂဒုက္ခ, အလိုရှိတိုင်းမရသဖြင့် ဆင်းရဲရခြင်းဟူသော အလာဘဒုက္ခနှင့်တကွ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော ဒုက္ခတုံး ဒုက္ခခဲကြီးသည် ဒုက္ခသစ္စာမည်၏။

**ဒုက္ခသစ္စာ၌ ဉာဏ် ၃-ပါး။** ။ဒုက္ခ သစ္စာ၌ ပြဆိုအပ်ပြီးသော ဒုက္ခသည်ကား ချမ်းသာမဘက် ဆင်းရဲကေန် အမှန်ဖြစ်သည်ဟု သိသောဉာဏ်ကို "သစ္စဉာဏ်" ခေါ်သည်၊ ထိုဒုက္ခအစု တရားထုကြီးကို ပိုင်းခြားခြင်းကိစ္စ, ထင်ရှားခြင်းကိစ္စ ပြုအပ်၏ဟု သိသော ဉာဏ်ကို "ကိစ္စဉာဏ်" ခေါ်သည်၊ ထိုဒုက္ခအစု တရားထုကြီးကို ပိုင်းပိုင်း ခြားခြား ထင်ရှားအောင် ပြုအပ်ပြီးလေပြီဟု သိသောဉာဏ်ကို "ကတဉာဏ်" ခေါ်သည်။

**သမုဒယသစ္စာ။** ။ရူပါရုံ အစရှိသော အာရုံငါးပါးတို့၌ ကာမဂုဏ်သဘောမျိုးဖြင့် သာယာတတ်သော ကာမတဏှာ, ထာဝရမြဲ၏ဟူသော သဿတဒိဋ္ဌိသဘောနှင့် တကွ သာယာတတ်သော ဘဝတဏှာ, ထာဝရမြဲသည်မဟုတ်၊ ပြတ်စဲခြင်းသဘောရှိ၏၊ အကျိုးအကြောင်း ဆက်စပ်ခြင်း မရှိဟူသော ဥစ္ဆေဒဒိဋ္ဌိသဘောနှင့်တကွ သာယာတတ်သော ဝိဘဝ တဏှာ, အကျဉ်းချုပ်အားဖြင့်ဒုက္ခ၏အကြောင်းရင်းကေန် အမှန်ဖြစ်သော တဏှာလောဘသည် "သမုဒယသစ္စာ"မည်၏။

**သမုဒယသစ္စာ၌ ဉာဏ် ၃-ပါး။** ။သမုဒယသစ္စာ၌ ပြဆိုအပ်ပြီးသော တဏှာလောဘအစု တရားထုကြီးသည် ဒုက္ခ၏အကြောင်းရင်းကေန် အမှန် ဖြစ် သည် ဟု သိသော ဉာဏ်ကို "သစ္စဉာဏ်"ခေါ်သည်၊ ထိုတဏှာလောဘအစု တရားထုကြီးကို ပယ်သတ်ခြင်းကိစ္စ ပြုအပ်၏ဟု သိသောဉာဏ်ကို "ကိစ္စဉာဏ်" ခေါ်သည်၊ ထိုတဏှာလောဘအစု တရားထုကြီးကို ပယ်သတ်အပ်ပြီးလေပြီဟု သိသောဉာဏ်ကို "ကတဉာဏ်" ခေါ်သည်။

**နိရောဓသစ္စာ။** ။ဒုက္ခ၏ အကြောင်းခံ ဖြစ်သောတဏှာလောဘအစု တရားထုကြီး၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း, အကြောင်းခံတဏှာ ချုပ်ငြိမ်းသဖြင့် အကျိုးဒုက္ခအမျိုးမျိုးတို့၏ ချုပ်ငြိမ်းခြင်း, နောက်ထပ်တဘန် အသစ် မဖြစ်ပေါ်ခြင်းဟူသော အသခ်တဓာတ် ပရမတ္ထနိဗ္ဗာန်သည် "နိရောဓသစ္စာ" မည်၏။

**နိရောဓသစ္စာ၌ ဉာဏ်၃-ပါး။** ။နိရောဓ သစ္စာ၌ ပြဆိုအပ်ပြီးသော အသခ်တဓာတ် ပရမတ္ထနိဗ္ဗာန်သည် တဏှာလောဘနှင့်တကွ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ ကေန်အမှန်ဖြစ်သည်ဟု သိသောဉာဏ်ကို "သစ္စဉာဏ်" ခေါ်သည်၊ ထိုအသခ်တဓာတ် ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းကိစ္စ, ကိုယ်ပိုင် ဉာဏ်ဖြင့် ထိုးထွင်း၍ မြင်ခြင်းကိစ္စ ပြုအပ်၏ဟု သိသောဉာဏ်ကို "ကိစ္စဉာဏ်" ခေါ်သည်၊ ထိုအသခ်တဓာတ် ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီးလေပြီ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်အောင် ပြုအပ်ပြီး လေပြီဟု သိသော ဉာဏ်ကို "ကတဉာဏ်" ခေါ်သည်။

**မဂ္ဂသစ္စာ။** ။ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်စေကြောင်း အကျင့်ကောင်း လမ်းစဉ်ဖြစ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟူသော မဂ္ဂင်ရှစ်ပါးတရားစုသည် မဂ္ဂသစ္စာမည်၏။

**မဂ္ဂသစ္စာ၌ ဉာဏ် ၃-ပါး။** ။မဂ္ဂသစ္စာ၌ ပြဆို အပ်ပြီးသော မဂ္ဂင်ရှစ်ပါး တရားစုသည် နိဗ္ဗာန်သို့ ဆိုက်ရောက်

ကြောင်း လမ်းကောင်းကေန် အမှန်ဖြစ်သည်ဟု သိသော ဉာဏ်ကို "သစ္စဉာဏ်" ခေါ်သည်၊ ထိုမဂ္ဂင် ရှစ်ပါးတရား အစုကို ပွားများအားထုတ်ခြင်း ကိစ္စ ပြုအပ်၏ဟု သိသော ဉာဏ်ကို "ကိစ္စဉာဏ်" ခေါ်သည်၊ ထိုမဂ္ဂင် ရှစ်ပါးတရား အစုကို ပွားများအားထုတ် အပ်ပြီးလေပြီဟု သိသောဉာဏ်ကို "ကတဉာဏ်" ခေါ်သည်။

ဤ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် သုံးပါးကို တိပရိဝဋ္ဋ–အပြန်သုံး ပါးဟုဆိုသည်၊ သစ္စာလေးပါး၌ ဉာဏ် သုံးပါးစီရှိကြသဖြင့် ဉာဏ် တဆယ့်နှစ်ပါး ဖြစ်သည်ကို ဒွါ ဒသာကာရ–တဆယ့်နှစ်ပါးသော အခြင်းအရာဟု ဆိုသည်။

ဒုက္ခသစ္စာအနက် ၄–ချက်။ ။ပီဠနဋ္ဌော– နှိပ်စက် အပ် သောအနက် သဘော, သင်္ခတဋ္ဌော–အဖန်ဖန် ပြုပြင်အပ်သော အနက်သဘော, သန္တာပဋ္ဌော–ပူပန် စေအပ်သော အနက် သဘော, ဝိပရိဏာမဋ္ဌော–ဖရိုဖရဲ ဖောက်လွဲဖောက်ပြန် ဖြစ် တတ်သော အနက် သဘောအားဖြင့် ဒုက္ခသစ္စာ အနက် ၄–ချက် ဖြစ်သည်။

သမုဒယသစ္စာအနက် ၄–ချက်။ ။အာယူဟနဋ္ဌော–ဒုက္ခ များအောင်ရက်ဆောင် ဆည်းပူးတတ်သော အနက်သဘော, နိဒါနဋ္ဌော–ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့ကို ပေးကမ်းဆောင်နှင်းတတ် သော အနက်သဘော, သံယောဂဋ္ဌော–ဒုက္ခနှင့် မကွေမကွဲ တွဲဖက်တတ်သော အနက်သဘော, ပလိဗောဓဋ္ဌော– ဒုက္ခ လက်မှမထွက်ရအောင် နှောင့်ရှက်တတ်သော အနက်သဘော အားဖြင့် သမုဒယသစ္စာအနက် ၄–ချက်ဖြစ်သည်။

နိရောဓသစ္စာအနက် ၄–ချက်။ ။နိဿရဏဋ္ဌော–ဒုက္ခ ဝဋ်မှ ကျွတ်လွတ်ခြင်း အနက်သဘော, ဝိဝေကဋ္ဌော–ဒုက္ခ

မီးရှိန်မှ ဆိတ်ငြိမ်ခြင်းအနက်သဘော, အသင်္ခတဋ္ဌော - ပြုပြင်မှုမှကင်းလွတ်ခြင်း အနက်သဘော, အမတဋ္ဌော - သေခြင်း - ပျက်စီးခြင်းမှ ကင်းလွတ်ခြင်း အနက်သဘောအားဖြင့် နိရောဓသစ္စာအနက် ၄-ချက်ဖြစ်သည်။

**မဂ္ဂသစ္စာအနက် ၄- ချက်။** ။နိယျာနဋ္ဌော - ဒုက္ခဝဋ်မှ ထွက်၍ နိဗ္ဗာန်ဘက်သို့ ပေါက်ရောက်ကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်ခြင်း အနက်သဘော, ဟေတုဋ္ဌော - လောကုတ္တရာတရားအပေါင်းတို့၏ အကြောင်းရင်း မူလဖြစ်ခြင်း အနက်သဘော, ဒဿနဋ္ဌော - အလွန်မြတ်လှသောနိဗ္ဗာန်ကို မြင်စွမ်းနိုင်ခြင်း အနက်သဘော, အဓိပတေယျဋ္ဌော - သိက္ခာသုံးခုအကျင့်စုတို့တွင် အတုမရှိ အလွန်ကြီးမြတ်သော အကျင့်ဖြစ်ခြင်း အနက်သဘောအားဖြင့် မဂ္ဂသစ္စာအနက် ၄ - ချက်ဖြစ်သည်။

**သစ္စာအနက် ၁၆ - ချက်။** ။ဆိုအပ် ပြီးသော နည်းအတိုင်း ဒုက္ခသစ္စာ၌ ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ-ဟူ၍ ၄-ပါး။

သမုဒယသစ္စာ၌ - အာယူဟနဋ္ဌ, နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပလိဗောဓဋ္ဌ-ဟူ၍ ၄-ပါး။

နိရောဓသစ္စာ၌ နိဿရဏဋ္ဌ, ဝိဝေကဋ္ဌ, အသင်္ခတဋ္ဌ, အမတဋ္ဌ-ဟူ၍ ၄-ပါး။

မဂ္ဂသစ္စာ၌-နိယျာနဋ္ဌ, ဟေတုဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌ-ဟူ၍ ၄-ပါး။

ဤအနက်သဘောတို့ကို ပေါင်းသည်ရှိသော် သစ္စာအနက် ၁၆-ချက်ဖြစ်သတည်း။

# မေတ္တာနိမိတ်ကြီး ၃၂-ပါး

ဗုဒ္ဓမြတ်စွာသည် မေတ္တာတရားကို ဟောတော်မူသော အခါ စကြာဝဠာတသောင်း မြေအပေါင်းသည် ကောင်းချီး ပြုသကဲ့သို့ အထူးသဖြင့်တုန်လှုပ်သည်၊ ၃၂ - ပါးသောနိမိတ် ကြီးတို့ ထင်ကုန်သည်၊ ၃၂ - ပါးသောနိမိတ်ကြီးတို့မှာ–

၁။ မြေ, ရေအပေါင်း တသောင်းသော လောကဓာတ် တို့သည် တပြိုင်နက် ဆတ်ဆတ်ခါမျှ တုန်လှုပ်ကုန် သည်။

၂။ ပူခြင်း, ချမ်းခြင်းဟူသော ဥတုနှစ်ဝ ကင်းငြိမ်း မျှတသည်။

၃။ လောကဓာတ် အလုံး ဆိတ်ညံလျက် အသံမရှိ အနှောင့်အရှက်ကင်းသည်။

၄။ လေပြင်း မုန်တိုင်းမလာ လေသာလေပြေမျိုးသည်။

၅။ ဂင်္ဂါ,ယမုနာ စသော မြစ်ခပင်းတို့၌ ရေစီးခြင်းမရှိ တန့်ရပ်သည်။

၆။ မြေအပြင်၌ မြင်မြင်သမျှသော ပန်း, သစ်ပင် အပေါင်းတို့ နှာမောင်း ဆင့်ကာဆင့်ကာ ပွင့်ကုန် သီးကုန်သည်။

၇။ ကောင်းကင်ထက် ကွန့်မြူးကာ တည်သောအာကာ သဥ္စရတနာ တို့သည် လွန်စွာ အရောင်ထွက်ကုန် သည်။

၈။ လူ့ပြည်, နတ်ပြည်၌ ရှိကုန်သော စည်, စောင်း, ပတ်သာ, တူရိယာအသီးသီးတို့သည် မတီးမမှုတ်ဘဲ မြည်ကုန်သည်။

၉။ နတ်ပြည်၌ရှိသော ပန်းနံ့သာ မိုးတို့သည် ဖြိုးဖြိုး
ပြည့်မျှ ရွာကုန်သည်။
၁၀။ စကြာဝဠာ ကောင်းကင် မြေပြင် ရိုက်ပုဆိုးလျှက်
ပဲ့တင်ဟည်းသည်။
၁၁။ ရှစ်ထပ်သော ရေဘုံ၌ မီးအဟုန် အပူငြိမ်းသည်။
၁၂။ မီးခိုး, သူရိန်, မြူတိမ်မိုးလုံး ကင်းလျက် နေမင်း၏
အရောင်တောက်ပသည်။
၁၃။ နက္ခတ်တာရာ ကြယ်တကာတို့ကို နေ့အခါ၌ ညဥ့်မှာ
ကဲ့သို့ မြင်ရသည်။
၁၄။ မြေညစ်ကြေးကို ဆေးလျှော်သည့် ပမာ မိုးမရွာဘဲ
ပင် ရေယဉ်ဖြိုင်ဖြိုင်စီးသည်။
၁၅။ တာရာအပေါင်း, သောကြာ–ဗုဒ္ဓဟူးစသော ဂြိုဟ်
ကြယ်ဘုံဆောင်တို့ အရောင်အလှန် ထွန်းပသည်။
၁၆။ သတ္တဗိသနက္ခတ်တို့ ပြတ်သားစွာ ထင်မြင်သည်။
၁၇။ ငွေစင်စန္ဒာသည် ဝိသာခါ နက္ခတ်နှင့် ယှဉ်သည်။
၁၈။ တွင်း, ဂူလိုဏ်, မြေအောင်းသတ္တဝါတို့ ထွက်ကုန်
သည်။
၁၉။ လူခပ်သိမ်းတို့ ရောင့်ရဲလွယ်ကုန်သည်။
၂၀။ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာရှိသူတို့ ကျန်းခံ့သည်။
၂၁။ မှတ်သိပ်ဆာလောင်ခြင်း ငြိမ်းသည်။
၂၂။ ပြိတ္တာအပေါင်းတို့ ဝပြောသည်။
၂၃။ လောဘ, ဒေါသ, မာနထန်သူတို့ ခေါင်းပါး ကုန်
သည်။
၂၄။ အပါယ်လေးရွာ၌ နှစ်ဆယ့် ငါးဖြာသော ဘေး
အပေါင်းကင်းသည်။

၂၅။ ရေမှုန်မှုန်ညစ်တို့ တက်လွင့်ခြင်းမရှိ စင်ကြယ်သည်။
၂၆။ မကောင်းရနံ့ ပျောက်သည်။
၂၇။ နတ်၏ရနံ့သာ လှိုင်သည်။
၂၈။ အရှုပလေးရပ်ကိုထား၍ ခြောက်ပါးသော နတ်ရွာ, ဗြဟ္မာဆယ့်ခြောက်ဘုံကို အကုန်မြင်ရသည်။
၂၉။ ငရဲကြီးရှစ်ဝဝယ် ခံရသောသူအပေါင်းတို့ကို မြင်ရသည်။
၃၀။ တိုက်နံရံ, တံခါး, တောင်ဖျား, တိမ်တိုက်တို့ မကွယ်မကာ ဟင်းလင်းသာ ဖြစ်ကုန်သည်။
၃၁။ သတ္တဝါတို့ခန္ဓာပျက်ကြွေ သေလွန်ရခြင်း မရှိကုန်။
၃၂။ သတ္တဝါတို့ သန္ဓေယူခြင်း, ဘွားမြင်ခြင်း မရှိကုန်။

ဤသို့သုံးဆယ့်နှစ်ပါးသော နိမိတ်တို့ ထင်ကုန်သည်။